# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၂) ရက် ၊ တနင်္လာနေ့ ၊ (15-5-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကျင်းပပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးကျင်းပပြုလုပ်စဉ်။

**နေပြည်တော် မေ ၁၄**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Severe Cyclonic Storm) "မိုခါ" (MOCHA)အဖြစ်သို့ ရောက်ရှိပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်မည့်အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်မကျရောက်မီနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ➾**

ကျူးကျော်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်သုံးပစ္စည်းများ၊ စားနပ်ရိက္ခာပစ္စည်းများကို လျင်မြန်ထိရောက်စွာပို့ဆောင်နိုင်ရေး လေယာဉ် ယာဉ်ပေါ်အသင့်၊ ရေယာဉ် ယာဉ်ပေါ်အသင့်၊ မော်တော်ယာဉ် ယာဉ်ပေါ်အသင့်ဖြစ်စေရေး ကြိုတင်ဆောင်ရွက်ထားရန်လို…




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၁၅ ရက်

အယ်ဒီတာ့အာဘော်

# စာရိတ္တနှင့် လူ့ဘဝ

လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် လူတစ်ယောက်ကို တန်ဖိုးဖြတ်နိုင်သော အချက်မှာ စာရိတ္တဖြစ်သည်။ စာရိတ္တသည် လူ့ဘဝတစ်ခုကို ပြုပြင်ဖန်တီးနိုင်သည်။ ဆိုလိုသည်မှာ စာရိတ္တကောင်းမွန်သောသူများ၏ လူ့ဘဝများသည် မျှော်လင့်ချက်ပြည့်ဝ၍ ကောင်းမွန်သော အလားအလာကောင်းများကို ရရှိနိုင်ပေသည်။

ထိုသို့မဟုတ်ဘဲ စာရိတ္တချွတ်ယွင်းအားနည်းနေပါက ထိုသူသည် လူ့ဘဝ၏ စစ်မှန်သောအနှစ်သာရနှင့် ဝေးကွာသွားတတ်ပြီး အချိန်မီမပြုပြင်နိုင်ပါက အလားအလာကောင်းများကို လက်လွှတ်ဆုံးရှုံးသွားရတတ်ခြင်း၊ လူ့အဖွဲ့အစည်း၏ ဖယ်ကြဉ်ခြင်းတို့ကို ကြုံတွေ့ခံစားရတတ်ပေသည်။

စာရိတ္တသည် ငွေကြေးချမ်းသာကြွယ်ဝခြင်းမဟုတ်။ သို့ရာတွင် ငွေကြေးချမ်းသာကြွယ်ဝသူကို ပို၍ရိုသေလေးစားစေနိုင်သည်။ စာရိတ္တသည် ပညာရပ်များကျွမ်းကျင်တတ်မြောက်ခြင်းမဟုတ်။ သို့ရာတွင် ပညာရပ်များ ကျွမ်းကျင်တတ်မြောက်သူကို ပို၍ အရည်အသွေးပြည့်ဝစေနိုင်သည်။ စာရိတ္တသည် အခွင့်အရေးများခြင်းမဟုတ်။ သို့ရာတွင် အခွင့်အရေးများသောသူကို ပို၍နှစ်လိုဖွယ်ဖြစ်စေနိုင်သည်။

လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် ကောင်းမွန်သောစာရိတ္တလွှမ်းမိုးပါက လူ့ဘဝများတွင် အပြန်အလှန်နားလည်မှု၊ စာနာထောက်ထားမှုနှင့် ဖေးမကူညီမှုတို့ များလာနိုင်ပေသည်။ ထိုသို့မဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် ဖောက်ပြန်သော၊ မကောင်းသောစာရိတ္တလွှမ်းမိုးပါက ငဲ့ကွက်သက်ညှာမှုမရှိခြင်း၊ စာနာထောက်ထားမှုကင်းမဲ့ခြင်းတို့ ပေါ်ပေါက်လာနိုင်ပေသည်။ လူ့အဖွဲ့အစည်းဟူသည် စာရိတ္တကောင်းသူ၊ စာရိတ္တမကောင်းသူတို့ ရောပြွမ်းရှိနေကြသောကြောင့် လူ့အဖွဲ့အစည်း၏ နိမ့်မြင့်တက်ကျတွင် စာရိတ္တက အဘယ်မျှအရေးပါသည်ကို ထောက်ချင့်သိနိုင်ပေသည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီ၏ စာရိတ္တကို ထိုသူ၏ကြံစည်တွေးတောမှု၊ ဖွင့်ဟပြောဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှုတို့ကိုကြည့်၍ လေ့လာအကဲဖြတ်နိုင်သကဲ့သို့ လူတစ်ဦးတစ်ယောက်ချင်းစီသည် မိမိ၏စိတ်ကူးကြံစည်တွေးတောပုံ၊ နှုတ်မှဖွင့်ဟပြောဆိုပုံနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ပုံတို့ကို မပြတ်သောသတိဖြင့် ထိန်းကွပ်ဆောင်ရွက်ပါက စာရိတ္တကောင်းမွန်သူအဖြစ်သို့ ရောက်ရှိနိုင်ပေသည်။

စာရိတ္တသည် လူတစ်ယောက်ကို တန်ဖိုးဖြတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် စာရိတ္တကောင်းသူကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ယုံကြည်ပြီး အလိုရှိသောကြောင့်ဖြစ်သည်။ စာရိတ္တသည် ဝန်ထမ်းကောင်း၊ အလုပ်သမားကောင်းမှအစ ခေါင်းဆောင်သူကောင်းလည်းဖြစ်နိုင်သောကြောင့် လူတစ်ဦးတစ်ယောက်အတွက် တန်ဖိုးမဖြတ်နိုင်သော အရာဖြစ်ပေသည်။

သို့ဖြစ်ရာ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်ကျင်လည်ကြရာတွင် မိမိတို့၏ စာရိတ္တကို ချွတ်ယွင်းစေသော လုပ်ဆောင်ချက်များ၊ ပြောဆိုမှုများ၊ ကြံစည်တွေးတောမှုများကို စွန့်ပစ်၍ စာရိတ္တကို ထိန်းသိမ်းနိုင်သည့်ဆင်ခြင်ကြံဆမှု၊ ကောင်းသောစကားဆိုမှု၊ အားထုတ်လုပ်ကိုင်မှုတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မိမိဘဝတွင် ရလဒ်ကောင်းများပေါ်ပေါက်ရရှိနိုင်သကဲ့သို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ယုံကြည်လေးစားမှုကိုလည်းရရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၁၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရှပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူ စုစုပေါင်း ၂၄၁၀၆၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရှပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာတွေကျွေးကြပါတယ်။ ရှခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရအဖြစ် ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆိုရင် ဘုရားဖူးဦးရေ များပါတယ်"ဟု မဟာမုနိရှပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရှပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၃၈၉၄၇ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၉၉၀ လာရောက် ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၂၆ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ဆက်လက်မြင့်တက်

**မန္တလေး မေ ၁၄**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ ဈေးနှုန်းများ ဆက်လက်မြင့်တက်လာကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လာသဖြင့် ပြည်တွင်းရွှေဈေးလည်း ဆက်လက်မြင့်တက်ခဲ့ပြီး အရောင်းအဝယ်အေးသွားကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးကွက်က အရောင်းအဝယ်အေးသွားတယ်။ လက်ရှိမှာက အဝယ်တော်တော်နည်းသွားပြီး အရောင်းတွေက များလာတယ်။ အဓိကအကျဆုံး အကြောင်းရင်းကတော့ ဈေးနှုန်းတွေ မြင့်တက်နေလို့ အရောင်းအဝယ်အေးနေတာပါ"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၂၀ ဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ဒေါ်လာ ၂၀၄၀ ထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၄ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ဒေါ်လာ ၂၀၁၀ ဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

မေ ၇ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၃၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မေ ၁၃ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၇၆၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၇၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

# ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ ပြည်ပမှတင်သွင်းသောကုန်စည်များ တင်ပို့သည့်သင်္ဘော များပြားလာ

**မန္တလေး မေ ၁၄**

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ ပြည်ပမှတင်သွင်းသောကုန်စည်များ တင်ပို့သည့်သင်္ဘော များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်းမှတစ်ဆင့် ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်၊ အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း၊ ၎င်းကုန်စည်များထဲတွင် ယခုလက်ရှိ စားသောက်ကုန်နှင့် အဝတ်အထည် တင်ပို့မှု အများဆုံးဖြစ်ကြောင်း သိရသည်။

"အခု ဧရာဝတီမြစ်အတွင်း ကုန်စည်တင်ပို့တဲ့ သင်္ဘောတွေ အဆင်ပြေစွာသွားလာနေပါတယ်။ ပြည်ပ တရုတ်နိုင်ငံဘက်ကနေ တင်သွင်းတဲ့ ကုန်စည်တွေကို ဧရာဝတီမြစ်ရေလမ်းကြောင်းကနေတစ်ဆင့် ဗန်းမော်ဆိပ်ကမ်းကနေ မန္တလေး ဂေါဝိန်ဆိပ်ကမ်းကို တင်ပို့တဲ့ကုန်တင်သင်္ဘောတွေ အခုတော်တော်လေး များလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဗန်းမော်ဆိပ်ကမ်းမှ မန္တလေး ဂေါဝိန်ဆိပ်ကမ်းသို့ အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်၊ စားသောက်ကုန်များနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်ပို့သည့်ကုန်တင်သင်္ဘောမှာ မေလ ပထမပတ်က အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း မေလ ဒုတိယပတ်မှစ၍ ကုန်တင်သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်စသည့်မြို့များသို့ ကုန်ပစ္စည်းများ တင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၃၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြင်ဦးလွင်မြို့နယ် အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**ပြင်ဦးလွင် မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းဦးတောင်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို မေ ၁၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖိုကျေးရွာရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မနော်ဟာရီလမ်း ၆၉ လမ်းနှင့် လမ်း ၇၀ ကြားနေ ဦးအောင်ကျော်ဦး-ဒေါ်သန်းသန်းအေး မိသားစုက ဆွမ်းနှင့်ဆေးပဒေသာသင်းအတွက် ငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်း၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ငရုတ်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိနေ



**ကျိုက်လတ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် ဆောင်းငရုတ်ပေါ်ချိန်က ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ မှ ၈၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး မေ ၁ ရက်မှ ယနေ့ထိ နွေငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိကြောင်း၊ ငရုတ်သီးခြောက်များ ဈေးကောင်းရရှိနေခြင်းသည် အဆိုပါဒေသတွင် ယခုနှစ် ငရုတ်စိုက်ပျိုးသည့် လုပ်ငန်းလုပ်ကိုင်သူ လျော့နည်းခဲ့ခြင်းကြောင့် ငရုတ်သီးအထွက်နှုန်းနည်းကာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ငရုတ်သီးခြောက်ဈေးက အရင်ထက်တော့ တက်လာတယ်။ ဒေသထွက် ငရုတ်တွေ အထွက်နည်းလို့ ဈေးကောင်းရနေတာဖြစ်ပါတယ်။ ဒေသထွက် ငရုတ်ကသန့်တယ်။ ဒါကြောင့် လူကြိုက်များပါတယ်။ ဒေသထွက် ငရုတ်သီးခြောက်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ ဈေးကောင်းရတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ အချို့တောင်သူတွေဆို မိုးငရုတ်ထပ်စိုက်ဖို့လုပ်လာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် နွေစပါးနှင့် မိုးစပါး စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ငရုတ်စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ငရုတ်စိုက်တောင်သူဦးရေ ၆၀၀ ကျော်ရှိကြောင်း၊ ငရုတ်ဈေးကောင်းရရှိသည့်အတွက် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ မိုးငရုတ်စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အောင်လံမြို့နယ်၌ ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ မေ ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေနံကြီးကျေးရွာအုပ်စု ကန်နှစ်ဆင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ပို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၁၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် ဝန်ထမ်းများက ကန်နှစ်ဆင့်ကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန်နှစ်ဆင့်ကျေးရွာ၌ အရှည် ၄၆၆၉ ပေရှိ ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၉၅၀၀၀၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၉၆၆၅၀၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၈ အိမ်၊ လူ ၃၂၈ ဦးတို့အတွက် လျှပ်စစ်မီးရရှိပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုလှိုင်**

# ဖြူးမြို့နယ် ပြောင်သေကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဖြူး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပြောင်သေကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပြောင်သေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းပြည့်မီစွာအချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပြောင်သေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၇၈ သိန်းအသုံးပြုပြီး လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်းကို ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၄ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၁၂၃ အိမ်၊ လူ ၆၂၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေမည်ဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညီ**



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ပြီး National Fish အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်မည်

**ရန်ကုန် မေ ၁၄**

ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ကာ National Fish အဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ သတင်းများအရ သိရသည်။

ငါးမြင်းသည် ပြည်ပဈေးကွက်ဝင် ငါးအမျိုးအစားဖြစ်သည့်အပြင် ပြည်ပဈေးကွက်များတွင် ဈေးကောင်းရရှိနေကာ ဝယ်ယူလိုအားလည်းရှိနေသည့် ငါးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ငါးမြင်းသားပေါက်များကို စုဆောင်းကာ တွံ့တေးငါးလုပ်ငန်းစခန်းတွင် အုတ်ကန်၊ မြေကြီးကန်များဖြင့်မွေးမြူ၍ သုတေသနပြုလုပ်ခဲ့ရာ နှစ်နှစ်အကြာ ၂၀၂၃ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းထိ အောင်မြင်မှုများရရှိခဲ့သောကြောင့် ယခုအခါ ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ကာ National Fish အဖြစ်သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ငါးမြင်းသားပေါက် အကောင် ၁၀၀ ကို ဆိုဒ်လေးမျိုး ပါဝင်သည့် နှစ်နှစ်သားမှ သုံးနှစ်သားအရွယ်ထိ သုတေသနပြုမွေးမြူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းလုပ်ငန်းတွင် တွံ့တေးငါးလုပ်ငန်းစခန်းကို ငါးမြင်းသားပေါက် စုဆောင်းရေးစင်တာအဖြစ် ဆောင်ရွက်ကာ ငါးမြင်းသားပေါက်များကို တွံ့တေးမြစ်ဝ၊ ညောင်တုန်းဝဲကြီးသောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်ဒေသများမှ စုဆောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးမြင်းများကို ပို့ကုန်တစ်ခုအနေဖြင့် တင်ပို့နိုင်မည့်အပြင် မျိုးရင်းအဖြစ် ဆက်လက်ထိန်းသိမ်းကာ မြန်မာ့အမျိုးသားငါးမျိုးစိတ် (National Fish) အဖြစ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် အဆိုပါစီမံကိန်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၃၃၆)



# နောင်ချိုမြို့နယ် ညောင်ကုန်းကျေးရွာတွင် အခြေခံကွန်ပျူတာသင်တန်းဖွင့်

**နောင်ချို မေ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးဝင်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်တွင် ကွန်ပျူတာအသုံးပြုနိုင်ခြင်းသည် အင်မတန်အရေးပါသည့် အရည်အချင်းတစ်ခုဖြစ်ကြောင်း၊ Process တိုင်းကို စနစ်တကျမှန်ကန်မြန်ဆန်စွာ ပြီးမြောက်စေကြောင်း၊ လုပ်ငန်းခွင်ဝင်မည့်သူတိုင်း တတ်ထားသင့်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေနိုင်သည်ထိ ကြိုးစားသင်ယူကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးဝင်းက သင်တန်းသားများကို သင်တန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ညောင်ကုန်းကျေးရွာနှင့် အနီးနားဝန်းကျင်ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ကွန်ပျူတာအခြေခံမှစ၍ လုပ်ငန်းခွင်အတွင်း အသုံးပြုနိုင်သည်ထိ စနစ်တကျသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး အခမဲ့သင်ကြားပို့ချမည်ဖြစ်ကြောင်း နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးဝင်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ချစ်သူ့ကိုယ်စား

\- မွေးရပ်မြေ မောင်လွမ်းတော့
တောင်ပေါ်ရှမ်း ထင်းရှူးမြေ
ငေးမိပါပေ၊
သည်ရပ်နဲ့ သည်ဌာနေ
မွေးမြေလို့ မှတ်စွဲ၊
ရင်ထဲ မောင်ဝင်တော့
ရွာထဲ မောင်ဝင်တော့
ပျော်ရွှင်ရွှင် အိုးစည်ပိုက်ပါလို့
နောင်ဗိန်နောင် တေးတစ်ပိုဒ်
ကလိုက်သည်ပဲ။

\- ဖမိကို မောင်လွမ်းတော့
ရှမ်းမြေက ဘိုးဘွားအို၊
ခေါင်းလျှော်ကာ ရေကန်တော့
ပြုပေါ့ ကုသိုလ်၊
အမိလို အဖလို
သဒ္ဒါပို ရင်ထဲ၊
လူလေး မာပါစေလို့
လူလေး သာပါစေလို့
ဖမိတွေ ဆုမွန်ပေးတော့
ငြိမ်းအေးသည်ပဲ။

\- မမလေး မောင်က လွမ်းတော့
ပိတောက်ပန်း လှော်ရွှေစင်
ခူးမိသည်ပင်၊
ပိတောက်နဲ့ မလေးခင်
တူတူပင် မှတ်စွဲ၊
အလွမ်းပြေ ပန်းတစ်ရိုက်
နမ်းလိုက်သည်ပဲ။

\- ထနောင်းညို ကုက္ကိုတောတွေနဲ့
ပန်းတမာ ရိပ်ညိုပေါ်လေတဲ့
ချစ်ရသောမွေးရပ်မြေ၊ -
ထင်းရှူးညို ချိုအရိပ်မှာတဲ့
ခိုအိပ်ကာ ပြည့်ဝန်ထမ်းပါလို့
ဇာနည်မွန် အနေလှမ်း
လွမ်းရပါပေ၊
ချမ်းမြေ့တဲ့ အတာရေ
ဖြာဝေတဲ့ နှစ်ဦး၊
မောင်လဲ အတူယှဉ်လို့
မယ်လဲ အတူယှဉ်လို့
သင်္ကြန်တွင် ပျော်ရွှင်လိုက်ချင်လဲ
အခိုက်ကယ် မသာချေတော့
မလေးဆွေ လျှော့ဖြေညွတ်ပါလို့
ခွင့်လွှတ်ပါ ကိုယ်ပန်တောင်းချင်ရဲ့
နွဲ့ပျောင်းစွာ ရွှေရင်အေးအောင်ကွဲ့
တေးပုလဲ ရွှေသီထုတ်ပါတဲ့
ဥသြညို ကိုယ်ပါပဲရယ်
စွဲမှတ်ပါဦး။ ။

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

# တူရကီနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပ





**အင်ကာရာ မေ ၁၄**

ပြိုင်ဆိုင်မှုအထူးပြင်းထန်သည့် တူရကီ အထွေထွေရွေးကောက်ပွဲများကို ယနေ့တွင် ကျင်းပခဲ့ရာ တူရကီပြည်သူများပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲသည် ခေတ်သစ်တူရကီနိုင်ငံ၏ နှစ် ၁၀၀ သမိုင်းတစ်လျှောက် အငြင်းပွားဖွယ် အဖြစ်ရဆုံး ရွေးကောက်ပွဲများတွင် အပါအဝင်ဖြစ်သည်။

ယနေ့အထွေထွေရွေးကောက်ပွဲ၌ သမ္မတရာထူးအတွက် အဓိက အားပြိုင်ရမည့် သမ္မတလောင်းများမှာ လက်ရှိသမ္မတ အာဒိုဂန်နှင့် ပြိုင်ဘက်သမ္မတလောင်း ကီလစ်ဒါရိုဂလူတို့ဖြစ်ကြသည်။

သမ္မတ အာဒိုဂန်နှင့်ပြိုင်ဘက် သမ္မတလောင်း ကီလစ်ဒါရိုဂလူတို့ အနေဖြင့် ရွေးကောက်ပွဲ၌ ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော်မရခဲ့ပါက မေ ၂၈ ရက်တွင် ဒုတိယအကျော့ ရွေးကောက်ပွဲဖြင့် အဆုံးအဖြတ်ယူရမည်ဖြစ်သည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ အတိုက်အခံသမ္မတလောင်း ကီလစ်ဒါရိုဂလူသည် လက်ရှိသမ္မတ အာဒိုဂန်ထက် လူထုထောက်ခံမှုနှုန်း အနည်းငယ်ပိုရထားကြောင်း သိရသည်။

လူပေါင်း ၅၀၀၀၀ ကျော် သေဆုံးခဲ့ရသည့်မြေငလျင်များ တူရကီအရှေ့တောင်ပိုင်း၌ လှုပ်ခတ်ခဲ့ပြီး သုံးလအကြာတွင် အဆိုပါရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# ကင်ညာအယူသီးခရစ်ယာန်ဂိုဏ်းဝင် သေဆုံးသူအရေအတွက် ၂၀၁ ဦးထိရှိလာ

**နိုင်ရိုဘီ မေ ၁၄**

ဂိုဏ်းခေါင်းဆောင်၏ညွှန်ကြားချက်အတိုင်း အစာရေစာပြတ်ဥပုသ်စောင့်မှုကြောင့် သေဆုံးခဲ့ရသော ကင်ညာအယူသီးခရစ်ယာန်ဂိုဏ်းဝင်များ၏ အရေအတွက်မှာ ၂၀၁ ဦးထိ ရှိလာပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

ရှာကာဟိုလာအမည်ရှိ သစ်တောတစ်ခုအတွင်း ရုပ်အလောင်း ၂၂လောင်းကို ထပ်မံတူးဖော်တွေ့ရှိပြီးနောက် သေဆုံးသူအယူသီးဂိုဏ်းဝင်အရေအတွက်မှာ ဦးရေ ၂၀၀ ကျော်လာခဲ့ခြင်းဖြစ်ကြောင်း ကင်ညာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ကင်ညာတာဝန်ရှိသူများသည် အယူသီးဂိုဏ်းဝင်များ၏ ရုပ်အလောင်းများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ လူသေဆုံးမှုများနှင့် ပတ်သက်၍ ကင်ညာတာဝန်ရှိသူများသည် Good News International ဂိုဏ်းအမည်ရှိ အယူသီးဂိုဏ်း၏ခေါင်းဆောင်ပေါလ်မက္ကင်ဇီဆိုသူအမျိုးသားကို ဖမ်းဆီးထားသည်။

ပေါလ်မက္ကင်ဇီသည် ကမ္ဘာမပျက်မီ ကောင်းကင်ဘုံရောက်ရှိရေးအတွက် အစာရေစာဖြတ်ဥပုသ်စောင့်ရန် ယုံကြည်သူနောက်လိုက်များကို တိုက်တွန်းခဲ့ကြောင်း ကင်ညာရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ကင်ညာရဲတပ်ဖွဲ့သည်အယူသီးဂိုဏ်းဝင်များသေဆုံးမှုနှင့်ပတ်သက်၍ဂိုဏ်းခေါင်းဆောင် ပေါလ်မက္ကင်ဇီ အပါအဝင် လူပေါင်း ၂၆ ဦးကို ဖမ်းဆီးထားကြောင်း သိရသည်။

KKO



# တောင်တရုတ်ပင်လယ်ဒေသ အထူးစီးပွားရေးရေပြင်ဇုန်အတွင်း ရေကြောင်းပြဖော်ယာများ ဖိလစ်ပိုင်နေရာချထား

**မနီလာ မေ ၁၄**

ဖိလစ်ပိုင်နိုင်ငံသည် ၎င်း၏ တောင်တရုတ်ပင်လယ်ဒေသအထူးစီးပွားရေး ရေပြင်ဇုန်အတွင်း၌ ရေကြောင်းပြဖော်ယာများ နေရာချထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသကျွန်းစုတစ်ခုဖြစ်သည့် စပရက်သ်လေကျွန်းစုအပေါ် ဖိလစ်ပိုင်၏ အချုပ်အခြာပိုင်စိုးကြောင်းပြသသည့်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံက အဆိုပါရေကြောင်းပြဖော်ယာများကို ချထားခြင်းဖြစ်ကြောင်း သိရသည်။


စပရက်သ်လေ ကျွန်းစုသည် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသော တောင်တရုတ်ပင်လယ် ကျွန်းစုဖြစ်သည်။

တောင်တရုတ်ပင်လယ် အထူးစီးပွားရေးဇုန်အတွင်း ဖိလစ်ပိုင်နိုင်ငံက ရေကြောင်းပြဖော်ယာများ ချထားမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ဖိလစ်ပိုင်၏ တောင်တရုတ်ပင်လယ်အထူးစီးပွားရေးရေပြင်ဇုန်အတွင်းနေရာပေါင်း ငါးနေရာတို့၌ မေ ၁၀ ရက်မှ ၁၂ ရက်ထိဖိလစ်ပိုင်အလံတပ်ဆင်ထားသည့် ရေကြောင်းပြဖော်ယာများနေရာချထားခဲ့ကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ် မေလကလည်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်သည် စပရက်သ်လေကျွန်းစု အတွင်းရှိ ကျွန်းလေးကျွန်းအနီး ရေကြောင်းပြဖော်ယာများ တပ်ဆင်ခဲ့ကြောင်း သိရသည်။

KKO



# အဓိကရုဏ်းများတွင် ပါဝင်ခဲ့သူများကို ရှာဖွေဖမ်းဆီးရန် ပါကစ္စတန်ဝန်ကြီးချုပ် ညွှန်ကြား

**အစ္စလာမ်မာဘတ် မေ ၁၄**

ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်း ဖမ်းဆီးခံရပြီးနောက် ပေါ်ပေါက်ခဲ့သည့် အဓိကရုဏ်းများ၌ ပါဝင်ခဲ့သူများကို ရှာဖွေဖမ်းဆီးရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက်ဇ်ရှရစ်ဖ်က မေ ၁၃ ရက်တွင် တာဝန်ရှိသူများကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီမရန်ခန်း ဖမ်းဆီးခံရပြီးနောက်ပိုင်းဖြစ်ပွားခဲ့သော အဓိကရုဏ်းများ၌ ပါဝင်ခဲ့သူများကို ရှာဖွေဖမ်းဆီးရေးအတွက် ပါကစ္စတန်ဝန်ကြီးချုပ်က သက်ဆိုင်ရာတာဝန်ရှိသူများကိုအချိန် ၇၂ နာရီပေးထားကြောင်း သိရသည်။

အဓိကရုဏ်းများ၌ ပါဝင်ခဲ့သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးတရားရုံးများက တရားစီရင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှရစ်ဖ်က ထုတ်ဖော်ပြောကြားထားသည်။

ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို မြေယာကိစ္စလိမ်လည်မှုစွဲချက်ဖြင့် ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက မေ ၉ ရက်တွင် အစ္စလာမ်မာဘတ် တရားရုံး၌ ဖမ်းဆီးခဲ့သည်။

အီမရန်ခန်း ဖမ်းဆီးခံခဲ့ရပြီးနောက် ၎င်းကိုထောက်ခံသူများက ပါကစ္စတန်နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲများပြုလုပ်ခဲ့ရာ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသမားများကြား အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်တရားလွှတ်တော်ချုပ်က အီမရန်ခန်းအားဖမ်းဆီးမှုမှာ ဥပဒေနှင့်မညီကြောင်း စီရင်ချက်ချခဲ့ပြီးနောက် အီမရန်ခန်းမှာ ရက်သတ္တနှစ်ပတ်အာမခံဖြင့် ပြန်လည်လွတ်မြောက်ခဲ့ကြောင်း သိရသည်။

KKO

# ထိုင်းနိုင်ငံတစ်ဝန်း၌ လွှတ်တော်ရွေးကောက်ပွဲကျင်းပ

**ဗန်ကောက် မေ ၁၄**

လက်ရှိဝန်ကြီးချုပ် ပရာယုချန်အိုချာ၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့်အောက်လွှတ်တော် ရွေးကောက်ပွဲများကို ယနေ့တွင် ထိုင်းနိုင်ငံတစ်ဝန်း၌ ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရွေးကောက်ပွဲတွင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ ၅၂ သန်းခန့်တို့က လွှတ်တော်အမတ်သစ်များကို ရွေးချယ်ပေးမည်ဖြစ်သည်။

လူထုစစ်တမ်း ကောက်ခံချက်ရလဒ်များအရ အဆိုပါရွေးကောက်ပွဲ၌ အတိုက်အခံဖွေထိုင်းပါတီနှင့် မဟာမိတ်ပါတီတို့က လွှတ်တော်အမတ်နေရာအများစုကို ရရှိနိုင်ကြောင်း သိရသည်။

ထို့အတူ ဝန်ကြီးချုပ် ရာထူးအတွက်လည်း ဖွေထိုင်းပါတီကိုယ်စားပြု ဝန်ကြီးချုပ်လောင်း ပေတွန်ပန်ရှင်နာဝပ်နှင့် လက်ရှိဝန်ကြီးချုပ် ပရာယုချန်အိုချာတို့က အကြိတ်အနယ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။



ထိုင်းနိုင်ငံ၏ ဥပဒေများအရ ထိုင်းစစ်ဘက်က ရွေးချယ်ခန့်အပ်ထားသူများနှင့် ဖွဲ့စည်းထားသော အထက်လွှတ်တော်နှင့် ရွေးကောက်ခံအမတ်များဖြင့် ဖွဲ့စည်းထားသည့် အောက်လွှတ်တော်တို့က မဲခွဲရွေးချယ်ပေးရမည်ဖြစ်သည်။

လက်ရှိအာဏာရပါတီနှင့် အတိုက်အခံပါတီတို့မှ ဝန်ကြီးချုပ်လောင်းများသည် ယနေ့တွင် ဗန်ကောက်မြို့မဲရုံများ၌ မဲပေးခဲ့ကြကြောင်း သိရသည်။

KKO

# ဆိုင်ကလုန်းမုန်တိုင်းအကြောင်း သိမှတ်ဖွယ်ရာများ

မေဇင်ထွန်း


ဆိုင်ကလုန်းဟူသည် မိုးလေဝသဗေဒဆိုင်ရာ အသုံးအနှုန်းဖြစ်ပြီး ပြင်းထန်စွာတိုက်ခတ်သည့် မုန်တိုင်းကို သုံးနှုန်းသောအမည်ဖြစ်သည်။ ဤဆောင်းပါးတွင် စာဖတ်သူတို့ ဗဟုသုတအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းအမျိုးအစားများ၊ ၎င်းတို့ကို မည်သို့ဖွဲ့စည်းပုံနှင့် ၎င်းတို့၏အမည်များကိုဖော်ပြပေးသွားမည်ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်ပုံသည် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ပညာရပ်အရပြောရမည်ဆိုလျှင် အပိတ်ဖြစ်နေသောဧရိယာတစ်ခုအတွင်းတွင် လေထု၏ စက်ဝိုင်းသဏ္ဌာန်လှုပ်ရှားမှုဖြစ်ပြီး ထိုစက်ဝိုင်းသဏ္ဌာန်လှုပ်ရှားမှုသည် ကမ်းခြေများမှတစ်ဆင့် ကမ္ဘာ့ကုန်းမြေများတည်ရှိရာ အရပ်ဘက်သို့ ဦးတည်လည်ပတ်ရာမှ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထိုစက်ဝိုင်းသဏ္ဌာန်လှုပ်ရှားမှုကို မိုးလေဝသသတင်းများတွင် အတွင်းဘက်သို့ ဝဲကတော့ပုံစံလှည့်နေသည့် လေ၏အသွင်အပြင်ကို မြားဖြင့်ဖော်ပြလေ့ရှိသည်။ ကမ္ဘာကြီး၏မြောက်ဘက်ခြမ်းတွင် လေသည် နာရီလက်တံပြောင်းပြန်လည်နေသကဲ့သို့ လည်ပတ်နေပြီး တောင်ကမ္ဘာခြမ်းတွင်မူ လေသည် နာရီလက်တံအတိုင်းပင် လည်ပတ်နေသည်ကို တွေ့ရသည်။ များသောအားဖြင့် ကြီးမားသော ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုသည် လေဖိအားနည်းရပ်ဝန်းဒေသများကို ဗဟိုပြုတိုက်ခတ်လေ့ရှိသည်ကို တွေ့ရှိနိုင်သည်။ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုများကို ကမ္ဘာဂြိုဟ်တွင်သာမက အင်္ဂါဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်များတွင်လည်း တိုက်ခတ်လေ့ရှိကြောင်း သိရသည်။ လေဖိအားသည် တစ်နေရာနှင့်တစ်နေရာမတူသည့်အပြင် လေဖိအားတူသော တစ်နေရာတည်းဖြစ်သည့်တိုင် အချိန်မတူသည့်အခါ ဖြစ်ပေါ်နေသော လေဖိအားသည် ကွဲပြားနိုင်သည်။ ထို့ကြောင့် လေထုဖိအားကိုကြည့်ပြီး လေထုအလေးချိန် ပေါ့သည့်အရပ်ကို လေဖိအားနည်းရပ်ဝန်း သို့မဟုတ် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်နိုင်သောအရပ်ဟူ၍လည်းကောင်း၊ လေးလံသောအရပ်ကို ဆိုင်ကလုန်းတိုက်ခတ်လေ့မရှိသည့် Anti ဆိုင်ကလုန်းအရပ်ဟူ၍လည်းကောင်း ခေါ်ဝေါ်လေ့ရှိသည်။

လေဖိအားနည်းရပ်ဝန်းမှာပင် သမပိုင်းဒေသ၌ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်းနှင့် အပူပိုင်း၌ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်းဟူ၍ နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ ၎င်းသမပိုင်းဒေသ၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းတွင် လေထုအလေးချိန်သည် ပေါ့ပါးသဖြင့် လေပြင်းမုန်တိုင်းတိုက်သည့်အခါ သာမန်အားဖြင့် ပြင်းထန်စွာပျက်စီးခြင်းမျိုးဖြစ်ခဲပြီး အပူပိုင်းဒေသ၌ လေပြင်းမုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ပါက အများအားဖြင့် ဆိုးဆိုးရွားရွားပျက်စီးသည်ထိ ပြင်းထန်သည်။

ဆိုင်ကလုန်းများဖြစ်ရခြင်းသည် လေဝင်၊ လေထွက်လျင်မြန်ပြီး မကြာခဏ အနှောင့်အယှက်ပေးသော လေဖိအားနည်းရပ်ဝန်းဧရိယာတစ်ဝိုက်ရှိ လေထုနှောင့်ယှက်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဆိုင်ကလုန်းဟူသောစကားလုံးသည် ဂရိစကားလုံး Cyclos မှ ဆင်းသက်လာပြီး ၎င်းကို Henry Piddington ဆိုသူက အမည်ပေးခဲ့ခြင်းဖြစ်သည်။ အပူပိုင်းဒေသများ၌ ဖြစ်ပေါ်လေ့ရှိသော လေပြင်းမုန်တိုင်းကြီးများကို နေရာဒေသကိုလိုက်ပြီး အောက်ပါအတိုင်း အမျိုးမျိုးခေါ်ဝေါ်လေ့ရှိကြသည်။ ၎င်းတို့မှာ-

- ကာရေဘီယံပင်လယ်တွင်ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းကို ဟာရီကိန်းမုန်တိုင်း၊
- တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းကို တိုင်ဖွန်းမုန်တိုင်း၊
- အိန္ဒိယသမုဒ္ဒရာအတွင်းဖြစ်သော ဆိုင်ကလုန်းကို အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း၊
- ဂျပန်နိုင်ငံတွင် တိုက်ခတ်ပါက တိုင်ဖူမုန်တိုင်း၊
- ဩစတြေးလျမြောက်ပိုင်းတွင် တိုက်ခတ်သော ဆိုင်ကလုန်းကို ဝစ်လီဝစ်လီ ခေါ် လေပွေမုန်တိုင်း၊
- ဖိလစ်ပိုင်ကျွန်းစုများတွင် တိုက်ခတ်သည့် ပြင်းထန်သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကို ဘက်ဂီရိုမုန်တိုင်း၊
- အမေရိကန်နိုင်ငံတွင် တိုက်ခတ်သော မုန်တိုင်းကို လေဆင်နှာမောင်းဟူ၍ နေရာဒေသကိုလိုက်ပြီး အခေါ်အဝေါ်များ ပြောင်းလဲသွားကြသည်။



လေမုန်တိုင်းများသည် အများအားဖြင့် သမုဒ္ဒရာထဲက စတင်ဖြစ်ပေါ်လေ့ရှိသည်။ ထို့နောက် ပင်လယ်ပြင်ထဲတွင် ရွေ့လျားသွားလာပြီးနောက် ကမ်းခြေသို့ရောက်သည့်အခါ တဖြည်းဖြည်းအားပျော့သွားပြီး ပျောက်ကွယ်သွားလေ့ရှိသည်။ လေဖိအားနည်းရပ်ဝန်းနှင့် လေမုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ရခြင်းမှာ လေသည် လေဖိအားများသည့်အရပ်မှ လေဖိအားနည်းရပ်ဝန်းသို့ တိုက်ခတ်သွားလေ့ရှိသည့်အတွက်ဖြစ်သည်။ သမုဒ္ဒရာထဲတွင် ဖြည်းညင်းစွာလည်နေသော လေဝဲဂယက်ကို လေဖိအားနည်းရပ်ဝန်းဟုခေါ်ဆိုပြီး ပြင်းပြင်းထန်ထန်လှည့်နေသော လေဝဲဂယက်ကိုမူ ဆိုင်ကလုန်းမုန်တိုင်းဟု ခေါ်ဆိုကြသည်။ လေဖိအားနည်းရပ်ဝန်းအဆင့်တွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၅၀ အောက်သာ တိုက်ခတ်လေ့ရှိပြီး ဆိုင်ကလုန်းမုန်တိုင်းတိုက်တော့မည်ဆိုလျှင် လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၅၀ ကျော်ထိ ရောက်သွားသဖြင့် လေတိုက်နှုန်း တစ်နာရီမိုင် ၅၀ ကျော်ပြီဆိုပါက ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်နိုင်သဖြင့် အထူးသတိပြုရမည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် တိုက်ခတ်လေ့ရှိသော လေမုန်တိုင်းအမျိုးအစားသည် အပူပိုင်းဒေသ ဆိုင်ကလုန်းမုန်တိုင်းအမျိုးအစားဖြစ်ပြီး လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းဖြစ်ပေါ်ရခြင်းဖြစ်သည်။

တိုက်ခတ်သောလေ၏ ပြင်းထန်မှုအပေါ်၌ မူတည်၍ မုန်တိုင်းများကို အမျိုးအစားခွဲနိုင်သည်။ တစ်နာရီလျှင် ၃၅ မိုင်ကျော်တိုက်ခတ်နေလျှင် သာမန်မုန်တိုင်း၊ တစ်နာရီလျှင် မိုင် ၆၀ ကျော်တိုက်ခတ်နေပါက လေပြင်းမုန်တိုင်းဟူ၍ ခွဲခြားခေါ်ဝေါ်နိုင်ပြီး သာမန်မုန်တိုင်းမှ လေမုန်တိုင်းအဖြစ်သို့ ရောက်ရန် သုံးရက်၊ လေးရက်ခန့် ကြာတတ်သည်။ လေမုန်တိုင်းမှ လွန်စွာပြင်းထန်သော မုန်တိုင်းအသွင်သို့ ၂၄ နာရီအတွင်းလည်း ချက်ချင်းပြောင်းသွားတတ်သည်။ ပျက်စီးဆုံးရှုံးမှု ပြင်းထန်စွာဖြစ်စေသော မုန်တိုင်းများသည် ဧပြီလ၊ မေလတို့ကဲ့သို့ မိုးဦး၊ မိုးကြိုကာလတို့တွင် ဖြစ်ပေါ်လေ့ရှိသည်။ အပူပိုင်းဒေသတွင် ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်စေရန် အဓိကလိုအပ်ချက်ခြောက်ရပ်ရှိသည်။ ၎င်းတို့မှာ -

- ပင်လယ်မျက်နှာပြင်တွင် လုံလောက်စွာ နွေးထွေးသော အပူချိန်ပမာဏ၊
- လေထုထဲတွင် ဖြစ်ပေါ်နေသောအပူချိန်၊
- လေဖိအားနည်းရပ်ဝန်းတစ်ခုကို ဖြစ်ပေါ်စေရန် လုံလောက်သောအား၊
- ကမ္ဘာမြေမျက်နှာပြင် အနိမ့်ဆုံးအလွှာမှ အလယ်အလတ်မျက်နှာပြင်အတွင်း၌ ဖြစ်ပေါ်နေသော မြင့်မားသည့်စိုထိုင်းမှု၊
- နဂိုရှိပြီးသား အနိမ့်ပိုင်းမျက်နှာပြင်ဆုံချက်ဧရိယာတွင် အနှောင့်အယှက်ဖြစ်ခြင်း၊
- ဒေါင်လိုက်လေတိုက်နှုန်းအပြောင်းအလဲတို့ ဖြစ်ကြသည်။

ထို့ပြင် ဆိုင်ကလုန်းများဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်းဖြစ်သည်-

- ပူနွေးစိုစွတ်သောလေသည် သမုဒ္ဒရာအထက်သို့ တက်လာသောအခါ ဆိုင်ကလုန်းတစ်ခု ဖြစ်ပေါ်လာသည်။ ၎င်းလေထုသည် ရွေ့လျားလာသည်နှင့်အမျှ အောက်ဘက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။
- လေဖိအားနည်းရပ်ဝန်းသည် ပတ်ဝန်းကျင်မှ ဖိအားမြင့်လေများနှင့် ပြည့်နေသည်။ တစ်ဖန် အေးမြသောလေသည် သမုဒ္ဒရာအထက်ဘက်သို့ ရွေ့လျားပြီး ပူနွေးစိုစွတ်လာစေသည်။ ထိုသည်မှ နောက်တစ်ကြိမ်လေဖိအားနည်းရပ်ဝန်းတစ်ခုကို ဖြစ်ပေါ်လာစေသည်။ ဤသို့ဖြင့် သံသရာက လည်နေသည်။
- ဤစဉ်ဆက်မပြတ်စက်ဝန်းကြောင့် လေထုထဲတွင် တိမ်များကို ဖြစ်ပေါ်လာစေသည်။ သမုဒ္ဒရာထဲက ရေများအငွေ့ပျံလာခြင်းကြောင့် တိမ်များ ပိုမိုများလာသည်။
- ၎င်းသည် မုန်တိုင်းစနစ်ဖွဲ့စည်းခြင်းကို ဦးတည်စေပြီး မုန်တိုင်းစနစ်သည် လျင်မြန်စွာဖွဲ့စည်းဖြစ်ပေါ်လာသည်နှင့်အမျှ အလယ်ဗဟိုတွင် ဝဲဂယက်ဖြစ်ပေါ်လာသည်။ မုန်တိုင်း၏ ထိုဗဟိုချက်နေရာတွင်ငြိမ်သက်သောအပိုင်းဟုဆိုထားပြီး ၎င်းမုန်တိုင်းဗဟိုချက်တွင် လေဖိအားနည်းသည်။

ကွဲပြားခြားနားသည့် လေတိုက်နှုန်းပေါ်မူတည်ပြီး ဆိုင်ကလုန်းအမျိုးအစားများကွဲပြားကြသည်။ ဆိုင်ကလုန်းကို အခြေခံအားဖြင့် အမျိုးအစားလေးမျိုး ခွဲခြားထားသည်။ ၎င်းတို့မှာ-

- အပူပိုင်းဆိုင်ကလုန်း
- ဝင်ရိုးစွန်းဆိုင်ကလုန်း
- မီဆိုဆိုင်ကလုန်း
- Extratropical ဆိုင်ကလုန်းတို့ဖြစ်ကြသည်။

**အပူပိုင်းဆိုင်ကလုန်း**

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကျရောက်သည့်ဒေသများမှာ အပူပိုင်းသမုဒ္ဒရာများအနီးရှိသည့်ဒေသများဖြစ်ပြီး ဟာရီကိန်းနှင့် တိုင်ဖွန်းကဲ့သို့ မုန်တိုင်းများကိုဖြစ်စေသည်။ အတ္တလန္တိတ်နှင့် အရှေ့မြောက်ပစိဖိတ်ဒေသများတွင်တိုက်ခတ်လျှင် ၎င်းအပူပိုင်းဆိုင်ကလုန်းကို ဟာရီကိန်းမုန်တိုင်းဟုခေါ်ဆိုပြီး ပစိဖိတ်အနောက်မြောက်ပိုင်းတွင် တိုက်ခတ်လျှင် တိုင်ဖွန်းမုန်တိုင်းဟုခေါ်သည်။

**ဝင်ရိုးစွန်းဆိုင်ကလုန်း**

ဝင်ရိုးစွန်းဆိုင်ကလုန်းသည် မြောက်ကမ္ဘာခြမ်းတွင် တိုက်ခတ်သောမုန်တိုင်းဖြစ်ပြီး "အာတိတ်ဟာရီကိန်း" ဟုလည်း လူသိများသည်။ ၎င်းမုန်တိုင်းကိုဖြစ်ပေါ်စေသော စွမ်းအင်အရင်းအမြစ်ဖြစ်သည့် အပူသည် ရေကိုအငွေ့ပျံစေပြီး လေသို့ပို့ဆောင်သဖြင့် ငုပ်လျှိုးနေသော အောင်းအပူပုံစံဖြင့် ထုတ်လွှတ်သည်။ ဝင်ရိုးစွန်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်နိုင်သည်ဟူသော ကြိုတင်ခန့်မှန်းချက်ကို ၂၄ နာရီအချိန်အတွင်းမှသာ သိနိုင်သဖြင့် ကြိုတင်ကာကွယ်မှုပြုလုပ်ရန်ခက်ခဲသည်။ ၎င်းမုန်တိုင်းများသည် အာတိတ်နှင့်အန္တာတိကပင်လယ်များတွင် အများဆုံးဖြစ်ပေါ်သည်။

**မီဆိုဆိုင်ကလုန်း**

မီဆိုဆိုင်ကလုန်းသည် အားကောင်းသော မိုးကြိုးမုန်တိုင်းများထဲမှတစ်ခုဖြစ်သည်။ အဆိုပါမုန်တိုင်းတွင် လေသည် ဒေါင်လိုက်ဝင်ရိုးစွန်းတစ်လျှောက်မှ တက်လာပြီး သမုဒ္ဒရာတွင်လှည့်ပတ်သည်။ ထိုလေထု၏ ဦးတည်ချက်နှင့် ဖိအားနည်းစနစ်သည် မိုးကြိုးမုန်တိုင်းကိုပါ ဖြစ်စေသည်။

**Extratropical ဆိုင်ကလုန်း**

အရှေ့ဘက်နယ်နိမိတ်များတစ်လျှောက်ရှိ အလယ်လတ္တီတွဒ်များတွင် ဖြစ်ပေါ်လေ့ရှိသော ဆိုင်ကလုန်းမုန်တိုင်းများကို ခေါ်သည်။ အပူပိုင်းဆိုင်ကလုန်းများသို့မဟုတ် လတ္တီတွဒ်အလယ်ပိုင်းတွင်ဖြစ်သော ဆိုင်ကလုန်းများ၏ လေတိုက်နှုန်းမှာ အားပျော့သည်။

နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် ပျမ်းမျှအားဖြင့် အပူပိုင်းဒေသဆိုင်ကလုန်းမုန်တိုင်းများ ၈၆ ကြိမ်ဖြစ်ပွားလေ့ရှိပြီး ၄၇ ကြိမ်သည် ဟာရီကိန်း၊ တိုင်ဖွန်းဟုခေါ်လေ့ရှိသည့်ဒေသများတွင်ဖြစ်ပွားပြီး ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုကိုဖြစ်စေပြီး ကျန်အကြိမ်ရေများသည် ပြင်းထန်သော အပူပိုင်းဒေသ ဆိုင်ကလုန်းများဖြစ်သည်။ ဆိုင်ကလုန်းများဖြစ်လျှင် သမုဒ္ဒရာမှ လေထုဆီသို့ ကြီးမားသော စွမ်းအင်ပမာဏဖြင့် ဖြစ်ပေါ်လာသည်။ လေ့လာမှုများအရ နှစ်စဉ် ကမ္ဘာတစ်ဝန်းမှာ ဆိုင်ကလုန်း ၇၀ မှ ၉၀ လောက်ထိ ဖြစ်ပေါ်လေ့ရှိပြီး Coriolis ၏အင်အားကြောင့် မျက်နှာပြင်လေများသည် လေဖိအားနည်းရပ်ဝန်းများဆီသို့ လှည့်ပတ်လာသည်။ Coriolis သည် မြောက်လတ္တီတွဒ် ၄.၅ ဒီဂရီနှင့် တောင် ၄.၅ ဒီဂရီကြားတွင် ၎င်း၏ အင်အားများအားနည်းသောကြောင့် ဆိုင်ကလုန်းမုန်တိုင်းများသည် အီကွေတာအနီးဒေသများတွင် ဖြစ်ပေါ်မှု ရာခိုင်နှုန်းအားဖြင့် အလွန်နည်းသည်ကို လေ့လာတွေ့ရှိရကြောင်း သိမှတ်ဖွယ်ရာများအဖြစ် ရေးသားအပ်ပါသည်။

**ကိုးကား - Cyclone by Wikipedia**

# နိုင်ငံတကာ အားကစားသတင်းများ

## Italian Open တင်းနစ်ပြိုင်ပွဲ ၁၆ ယောက်အဆင့်သို့ စီရန်ဒိုရို တက်ရောက်

**ရိုးမား မေ ၁၄**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား ဘာရီရီနှင့် အာဂျင်တီးနားတင်းနစ်ကစားသမားစီရန်ဒိုရိုတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ စီရန်ဒိုရိုက (၆-၇၊ ၆-၂၊၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကာ ၁၆ ယောက်အဆင့်သို့တက်ရောက်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရန်ဒိုရိုသည် ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိသော်လည်း အကောင်းဆုံးလက်စွမ်းပြသွားနိုင်ခဲ့သည်။

ပထမပွဲငယ်တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း စီရန်ဒိုရိုအနေဖြင့် အကောင်းဆုံးကြိုးစားကစားသွားခဲ့ပြီး နာမည်ကြီးကစားသမားကိုကျော်ဖြတ်ကာ ၁၆ ယောက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စီရန်ဒိုရိုက "ကျွန်တော့်ရဲ့ကစားသမားဘဝသက်တမ်းတစ်လျှောက်ပြိုင်ပွဲမှာအမြင့်ဆုံးအဆင့်ကိုရောက်လာနိုင်တာဖြစ်ပါတယ်။ အခုလိုအောင်မြင်မှုမျိုး ရရှိဖို့အတွက် အကောင်းဆုံး ကြိုးစားခဲ့ရတယ်။ ဘာရီရီဟာ ယှဉ်ပြိုင်ကစားရခက်တဲ့ ကစားသမားတစ်ယောက်ပါ။ ကျွန်တော့်အနေနဲ့ ပထမပွဲစဉ်မှာ ရလဒ်ကောင်းရဖို့ ကြိုးစားခဲ့ရပြီး tie-break မှာ အနိုင်ရခဲ့တယ်ဆိုပေမဲ့လဲ ဒုတိယပွဲငယ်မှာအနိုင်ရဖို့ ကြိုးစားခဲ့တယ်။ ဒုတိယပွဲငယ်မှာ အနိုင်ရခဲ့လို့ စိတ်ဓာတ်ပိုင်းဆိုင်ရာ အသာစီးရခဲ့ပြီး တတိယပွဲငယ်မှာလဲ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တယ်။ ၁၆ ယောက်အဆင့်ကိုတက်ရောက်နိုင်ပြီဆိုပေမဲ့လဲ ကွာတားဖိုင်နယ်အဆင့်အတွက် ကမ္ဘာ့အဆင့် ကစားသမားတွေကို ကျော်ဖြတ်ရအုံးမယ်။ ကျွန်တော့်အနေနဲ့ အကောင်းဆုံးကျော်ဖြတ်နိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



| ပရီးမီးယားလိဂ် ပွဲစဉ် (၃၆) ရလဒ် | | | |
|---|---|---|---|
| ဘရန့်ဖို့ဒ် | ၂ | - ၀ | ဝက်စ်ဟမ်း |
| အဲဗာတန် | ၀ | - ၃ | မန်စီးတီး |

| အီတလီစီးရီးအေ ပွဲစဉ် (၃၅) ရလဒ် | | | |
|---|---|---|---|
| ဗီရိုနာ | ၀ | - ၁ | တိုရီနို |
| ဖီအိုရင်တီးနား | ၂ | - ၀ | အူဒီးနီးစ် |
| မွန်ဇာ | ၂ | - ၀ | နာပိုလီ |

(၀၄၀)

### အားကစားသတင်း အတိုအထွာများ

- ခံစစ်ကစားသမား ကန်ဆယ်လို၏အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မချရသေးကြောင်း ဘိုင်ယန်မြူနစ်အသင်းက အတည်ပြုပြောကြားခဲ့သည်။
- မန်ယူအသင်းက အဲဗာတန်အသင်းကွင်းလယ်ကစားသမား အိုနာနာကို စတာလင်ပေါင် သန်း ၅၀ ဖြင့်ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- ခံစစ်ကစားသမားဝေါ်လ်ကာက မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်း ၁၂ လသာကျန်ရှိနေသော်လည်း အသင်းမှ ထွက်ခွာရန် ငြင်းဆိုထားကြောင်း သိရသည်။ ML

## ဂီတာဖေးအသင်းနှင့်ပွဲစဉ်တွင် ရီးရဲလ်ကစားသမား ကာမာဗင်ဂါ ဒူးဒဏ်ရာရရှိ



**မက်ဒရစ် မေ ၁၄**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဂီတာဖေးအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ကွင်းလယ်ကစားသမား ကာမာဗင်ဂါအနေဖြင့် ဒူးဒဏ်ရာရရှိခဲ့သော်လည်း လာမည့်မန်စီးတီးအသင်းနှင့်ကစားရမည့်ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်၏အသင်းလူစာရင်းတွင်ပါဝင်မည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကာမာဗင်ဂါသည် ဂီတာဖေးအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့ပြီး အသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ကာ အသင်းအား ပွဲကစားချိန် မိနစ် ၇၀ တွင် ဦးဆောင်ဂိုးရရှိအောင် အဓိကနေရာမှ ပါဝင်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၈၆ မိနစ်အရောက်တွင် ဒူးဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား အိုဒရီအိုဇိုလာနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ၎င်း၏ဒဏ်ရာမှာ ပြင်းထန်မှုမရှိသဖြင့် လာမည့် မေ ၁၈ ရက်တွင် ကစားရမည့် မန်စီးတီးအသင်းနှင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကိုပါဝင်နိုင်ရန် နည်းပြအန်ဆယ်လော့တီက မျှော်လင့်ထားပြီး ၎င်းအနေဖြင့် တနင်္လာနေ့တွင်ပြုလုပ်မည့် လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်မည် မဟုတ်သော်လည်း မန်စီးတီးအသင်းနှင့် ပွဲစဉ်၌ အသင်းလူစာရင်းတွင် ပါဝင်မည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက အတည်ပြုပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ဂီတာဖေးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် ရမှတ် ၇၁ မှတ်ရရှိခဲ့ကာ အဆင့်(၂) နေရာသို့ တက်ရောက်နိုင်ခဲ့ပြီး တတိယနေရာမှ ၆၉ မှတ်ရရှိထားသည့် အေတီကိုအသင်းကို နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အဆင့်(၁)တွင် ရမှတ် ၈၂ မှတ်ဖြင့် ဦးဆောင်နေသည့် ဘာစီလိုနာအသင်းနှင့် ရမှတ် ၁၁ မှတ်ထိ ကွာဟနေသောကြောင့် လာလီဂါချန်ပီယံဆုကိုကာကွယ်နိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

ML

## ဖူလ်ဟမ်ကို နှစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည့် ဆောက်သမ်တန်အသင်း ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရ

**လန်ဒန် မေ ၁၄**

ဆောက်သမ်တန်အသင်းသည် အသင်းအား လူငယ်ကစားသမားအများစုဖြင့် တည်ဆောက်ခဲ့သော်လည်း ဖူလ်ဟမ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လက်ကျန်ပွဲကစားရန် နှစ်ပွဲအလိုတွင် ပရီးမီးယားလိဂ်မှတန်းဆင်းခဲ့ရကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဆောက်သမ်တန် အသင်းသည် နည်းပြ ဟက်ဆန်ဟတ်၊ နသန်ဂျုန်းနှင့် ရူဘင်ဆဲလက်စ်တို့ သုံးဦးထိ ပြောင်းလဲခဲ့သော်လည်း ပရီးမီးယားလိဂ်ပွဲစဉ်(၃၆)အပြီးတွင် ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ခြောက်ပွဲရှုံး ရလဒ်ဖြင့် ရမှတ် ၂၄ မှတ်သာရရှိခဲ့သောကြောင့် ပြိုင်ပွဲပြီးဆုံးရန်နှစ်ပွဲအလိုတွင် ပရီးမီးယားလိဂ်မှ ပထမဆုံးတန်းဆင်းခဲ့ရသည့်အသင်းဖြစ်လာခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် အနိုင်ရပါက ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားခွင့်ရရှိရန်မျှော်လင့်နိုင်သော်လည်း ပွဲစကတည်းက ဖူလ်ဟမ်အသင်း၏ ဖိအားပေးမှုကို ခံခဲ့ရကာ တန်ပြန်တိုက်စစ်ဖြင့်သာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၄၈ မိနစ်တွင် ဗင်နီစီးယက်စ်က ဦးဆောင်ဂိုးနှင့် ပွဲကစားချိန် ၇၂ မိနစ်တွင် မစ်ဒရိုဗစ်က ဒုတိယဦးဆောင်ဂိုး ဖူလ်ဟမ်အသင်းအတွက် သွင်းယူနိုင်ခဲ့သော်လည်း ဆောက်သမ်တန်အသင်းအနေဖြင့် ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ကာ ချေပဂိုးရရှိရန် ရုန်းကန်ခဲ့ရသောကြောင့် နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘောလုံးရာသီနောက်ပိုင်း ပရီးမီးယားလိဂ်မှ ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရကြောင်း သိရသည်။ ML

## နယူးကာဆယ်နည်းပြ ဟိုဝီကို တိုက်ခိုက်ခဲ့သည့် လိဒ်အသင်းပရိသတ်တစ်ဦး တစ်သက်တာပွဲကြည့်ခွင့်ပိတ်ပင်ခံရ

**လန်ဒန် မေ ၁၄**

ပရီးမီးယားလိဂ်ပွဲစဉ်(၃၆)အဖြစ်ကစားခဲ့သည့် လိဒ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း လိဒ်အသင်းပရိသတ်တစ်ဦးက နည်းပြဟိုဝီကိုတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် လိဒ်အသင်းတာဝန်ရှိသူများက အဆိုပါပရိသတ်များကို တစ်သက်တာပွဲကြည့်ခွင့် ပိတ်ပင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် လိဒ်အသင်းနှင့်နယူးကာဆယ်အသင်းတို့ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ချိန်တွင် နည်းပြဟိုဝီအနေဖြင့် နည်းပြရေိယာအတွင်းရှိနေစဉ် လိဒ်အသင်းပရိသတ်တစ်ဦးက ၎င်းကိုတိုက်ခိုက်ရန်ကြိုးစားခဲ့သဖြင့် ကွင်းလုံခြုံရေးများက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး အဆိုပါပရိသတ်ကို လိဒ်အသင်းတာဝန်ရှိသူများက တစ်သက်တာပွဲကြည့်ခွင့် ပိတ်ပင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

နည်းပြဟိုဝီက "ဒီဖြစ်စဉ်ဟာ အရမ်းကိုအံ့သြဖို့ကောင်းပါတယ်။ လိဒ်ပရိသတ် တစ်ယောက်က ကျွန်တော့်ကို တွန်းခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲကိုအာရုံစိုက်နေချိန်မှာ ဘာဖြစ်ခဲ့တယ်ဆိုတာတောင်မသိပါဘူး။ တိုက်ခိုက်ခဲ့တယ်ဆိုပေမဲ့ အဖြစ်အပျက်က မြန်လွန်းတာကြောင့် ကြောက်ရွံ့ချိန်တောင်မရလိုက်ပါဘူး။ ဒါကြောင့် နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေရဲ့လုံခြုံရေးကိုထပ်မံတိုးမြှင့်ပေးဖို့ လိုပါတယ်"ဟု ပြောကြားခဲ့သည်။



လိဒ်အသင်းသည် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်၌ ပွဲအစ ခုနစ်မိနစ်တွင် ခံစစ်ကစားသမား အိုင်းလင်း၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၃၁ မိနစ်နှင့် ပွဲချိန် ၆၉ မိနစ်တို့တွင် ပင်နယ်တီမှတစ်ဆင့် ချေပဂိုးနှင့်ဦးဆောင်ဂိုးများခွင့်ပြုခဲ့ရသဖြင့် ဖိအားအောက်ကျရောက်ခဲ့သော်လည်း ပွဲကစားချိန် ၇၉ မိနစ်တွင် ခရစ်စတန်ဆန်က ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် လိဒ်အသင်းအတွက် သရေတစ်မှတ် ရယူနိုင်ခဲ့ပြီး ပွဲစဉ် (၃၆) အပြီးတွင် ရမှတ် ၃၁ မှတ်ဖြင့် အဆင့်(၁၈)တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ဆီးရီးယားအရေးတွင် ပိုမိုတင်းမာလာသော အမေရိကန်-ရုရှား

မောင်စိန်အိ(နဘဲမြေ)



ရုရှားစစ်ဘက်သည် မကြာသေးမီအချိန်အတွင်းက ဆီးရီးယားနိုင်ငံတွင် ထိုးစစ်ဆင်တိုက်ခိုက်မှုကို အရှိန်မြှင့်တင် ဆောင်ရွက်လာခဲ့သည်။ ထို့ပြင် ရုရှားတိုက်လေယာဉ်တစ်စင်းသည် အမေရိကန်ဒရုန်းတစ်စင်းကို ပင်လယ်နက်အတွင်းသို့ ဖျက်ချခဲ့သဖြင့် ရုရှားနှင့်အမေရိကန်ကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်လာတော့မလားဆိုသော စိုးရိမ်ပူပန်မှုများလည်း မြင့်တက်လာခဲ့သည်။

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အမေရိကန်နှင့်ရုရှားတို့ကြား ရန်လိုမှုများနှင့်ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပွားခြင်းသည် အသစ်အဆန်းတော့ မဟုတ်ပေ။ ယခုလအတွင်းဖြစ်ပွားခဲ့သော ထိပ်တိုက်ရင်ဆိုင်မှုများကြောင့် နှစ်ဖက်တပ်ဖွဲ့များကြား တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာနိုင်သဖြင့် လေ့လာသုံးသပ်သူများကြား စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်။ လက်ရှိအခြေအနေမှသည် ထိန်းမနိုင်၊ သိမ်းမရ အခြေအနေမျိုးသို့ မရောက်ရှိစေရေးအတွက် နှစ်နိုင်ငံတပ်ဖွဲ့များကြား တင်းမာမှုများကို ချက်ချင်းအရှိန်လျှော့ချသွားရန် လိုအပ်ပေသည်။

ရုရှားသည် ဆီးရီးယားတပ်ဖွဲ့များကို ကူညီရန်အတွက် ၂၀၁၅ ခုနှစ်တွင် ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းသို့ တပ်ဖွဲ့များစေလွှတ်ခဲ့သည့်အချိန်မှစ၍ အမေရိကန်နှင့် ရုရှားတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနိုင်ငံတွင် တစ်ဦးနှင့်တစ်ဦးမလိုလားသည့်ကြားမှပင်လျှင် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့များသည် ကာ့ဒ်အဖွဲ့ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့နှင့် ပူးပေါင်းကာ Islamic Stat (ISIS) အကြမ်းဖက်အဖွဲ့များကိုချေမှုန်းတိုက်ခိုက်ရန်ဆိုသော အကြောင်းပြချက်ဖြင့် ၂၀၁၄ ခုနှစ်တွင် ဆီးရီးယားအရှေ့မြောက်ပိုင်းဒေသ၌ တပ်ဖြန့်ချထားခဲ့သည်။ အဆိုပါဒေသတွင် ISIS အဖွဲ့များ ပြန်လည်ခေါင်းထောင်လာနိုင်သဖြင့် လက်ရှိအချိန်ထိ အမေရိကန် တပ်ဖွဲ့ဝင် ၉၀၀ ခန့်ကို ဆက်လက်တပ်ဖြန့်ချထားခဲ့သည်ဟု ဆိုသည်။

အမေရိကန်နှင့် ရုရှားတို့သည် နှစ်ဖက်တပ်ဖွဲ့များကြား စစ်ရေးဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်လာနိုင်မှုကို တားဆီးနိုင်ရန် ၂၀၁၅ ခုနှစ်တွင် ဆက်သွယ်ရေးလိုင်းများ ထူထောင်ထားခဲ့သည်။ သို့သော် ၂၀၂၃ ခုနှစ် မတ် ၁ ရက်မှစ၍ အမေရိကန်တပ်ဖွဲ့များသည် ဆီးရီးယားရှိ ရုရှားတပ်ဖွဲ့များ၏ ပုံမှန်မဟုတ်သော စစ်ရေးလှုပ်ရှားမှုများနှင့် အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။ ရုရှားလေယာဉ်များသည် အမေရိကန် စစ်အခြေစိုက်စခန်းများဆီသို့ ရန်လိုသောအမူအရာမျိုးဖြင့် ဦးတည်ချဉ်းကပ်ပျံသန်းလာခဲ့ကြောင်း အမေရိကန် တပ်မှူးများက စောဒကတက်ခဲ့သည်။ သာဓကအနေဖြင့် လက်နက်တပ်ဆင်ထားသော ရုရှားဂျက်တိုက်လေယာဉ်များသည် မတ်လအတွင်းက အမေရိကန် စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်ချေမှုန်းမည့်ပုံစံမျိုးဖြင့် အကြိမ်ကြိမ် ပျံသန်းခဲ့ကြောင်းနှင့် နှစ်နိုင်ငံကြား ပဋိပက္ခလျှော့ချရေး သဘောတူညီချက်များကို ချိုးဖောက်ခဲ့ကြောင်း အမေရိကန်တပ်မှူးများက ပြောကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်လေတပ်အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး အဲလက်စ်ဂရင်းကီဝစ်ရှ်က ဆီးရီးယားနိုင်ငံတွင် ရုရှားတပ်ဖွဲ့များ၏ ရန်လိုသောအပြုအမူများသည် ယူကရိန်းနိုင်ငံတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး ပြန်လာခဲ့သောရုရှားတပ်မှူးများနှင့်ဆက်နွှယ်မှုရှိကြောင်း၊ အဆိုပါတပ်မှူးများသည် ၎င်းတို့၏ နာမည်ကောင်း ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ရုရှားလေတပ်၏လှုပ်ရှားဆောင်ရွက်မှုအပေါ် အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ပြောကြားသွားသည်။

ရုရှား Su-27 ဂျက်တိုက်လေယာဉ်သည် ခရိုင်းမီးယားအနောက်ပိုင်းတွင် အမေရိကန် Reaper ဒရုန်းကို ဖျက်ချခဲ့ရာ နိုင်ငံတကာရေပိုင်နက်အတွင်းသို့ ပျက်ကျမှုဖြစ်ပွားပြီးနောက် ပင်တဂွန်စစ်ဌာနချုပ်သည် ရုရှား၏လှုပ်ရှားဆောင်ရွက်မှုများအပေါ် စိုးရိမ်ပူပန်မှုမြင့်တက်လာခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ အမေရိကန်စစ်ဘက်၏ဥရောပစစ်ဌာနချုပ်က ရုရှားလေယာဉ်မှူး၏ ကြားဖြတ်နှောင့်ယှက်တိုက်ခိုက်မှုသည် ဘေးကင်းလုံခြုံမှုမရှိသော လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ ရုရှားတိုက်လေယာဉ်သည် ဒရုန်းပေါ်သို့ လောင်စာဆီများလောင်းချခဲ့ပြီး ပန်ကာဒလက်များကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ဖြစ်တင်ဝေဖန် ပြောကြားခဲ့သည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနကမူ အဆိုပါ စွပ်စွဲပြောဆိုမှုများကိုပယ်ချခဲ့ပြီးနောက် ခရိုင်းမီးယားကမ်းခြေအလွန်တွင် အမေရိကန်ဒရုန်းများ တိုးမြှင့်ပျံသန်းလာခြင်းသည် ကျူးကျော်ရန်စမှုပင်ဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကိဗ့်၌ အမေရိကန်တို့ကျောထောက်နောက်ခံပေးထားသူများက ရုရှားလိုလားသောအစိုးရကို ဖြုတ်ချခဲ့ပြီးနောက် ရုရှားနိုင်ငံသည် ခရိုင်းမီးယားကျွန်းဆွယ်ဒေသကို သိမ်းပိုက်ခဲ့ပြီး လက်ရှိအချိန်တွင် ယူကရိန်းပဋိပက္ခဆင်နွှဲရာ၌ အဆိုပါကျွန်းဆွယ်ကို အဓိကစစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုလျက်ရှိသည်။ ထိုကဲ့သို့ ဒရုန်းပျံသန်းမှုအပေါ် ပစ်ချတိုက်ခိုက်မှုသည် အန္တရာယ်ပိုမိုကြီးမားလာပြီး ရုရှားနှင့် NATO တို့ကြား အပြန်အလှန်ခြိမ်းခြောက်မှုများမြင့်တက်လာမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။ လက်ရှိအချိန်တွင် အနောက်အုပ်စုသည် ယူကရိန်းကို စစ်ရေးအကူအညီများပေးအပ်လျက်ရှိသည့်အတွက် ရုရှားနှင့်ဆက်ဆံရေး ပိုမိုတင်းမာလာလျက်ရှိသည်။

အမေရိကန် ဒရုန်းဖျက်ချခံရမှုသည် စိုးရိမ်ရသော အခြေအနေဖြစ်သော်လည်း လက်ရှိဆီးရီးယားတွင် ဖြစ်ပျက်နေသော အခြေအနေက စွန့်စားမှုများ ပိုမိုမြင့်မားလျက်ရှိသည်။ အမေရိကန်အရာရှိများ၏ အဆိုအရ ဆီးရီးယားရှိရုရှားတပ်ဖွဲ့များသည် ၎င်းတို့၏ လှုပ်ရှားမှုများကို အမေရိကန်တပ်ဖွဲ့များအားအသိပေးခြင်းမရှိတော့ကြောင်း၊ ထိုသို့ လုပ်ဆောင်ခြင်းသည် လေတပ်ဖွဲ့တစ်ခုအနေဖြင့် အခြားသူတစ်ဦးထိန်းချုပ်ထားသည့်နေရာသို့ ပျံသန်းမှုလုပ်ဆောင်မည်ဆိုလျှင် မတော်တဆထိခိုက်မှုများမဖြစ်ပေါ်စေရန် ကြိုတင်အသိပေးရသည်ဆိုသော ကျင့်ထုံးများကို ချိုးဖောက်နေခြင်းဖြစ်သည်ဟုဆိုသည်။

ထို့ကြောင့် အမေရိကန်သည် ဆီးရီးယားနိုင်ငံတွင် ရုရှား၏လှုပ်ရှားမှုများကို တုံ့ပြန်နိုင်ရန်အတွက် အရှေ့အလယ်ပိုင်းဒေသတွင် စစ်ဘက်တပ်ဖြန့်ချထားမှုကို မကြာသေးမီက ထပ်မံတိုးမြှင့်ခဲ့သည်ဟုဆိုသည်။ အမေရိကန်တပ်ဖွဲ့များကို အထောက်အကူပေးရန် A-10 တိုက်ခိုက်ရေးလေယာဉ်အုပ်တစ်အုပ်ကို မူလအစီအစဉ်ထက်စောကာ တပ်ဖြန့်ချထားခဲ့သည့်အပြင် လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအဖွဲ့ကိုလည်း ဒေသတွင်း၌ ဆက်လက်တပ်ဖြန့်ချထားခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် အမေရိကန်အနေဖြင့် ဆီးရီးယားနိုင်ငံတွင်းနှင့် ဒေသတွင်းရှိ ၎င်း၏ တပ်ဖွဲ့များကိုကာကွယ်ရန်အတွက် လိုအပ်သော အစီအမံများ လုပ်ဆောင်လျက်ရှိကြောင်း အချက်ပြလိုက်ခြင်းပင်ဖြစ်သည်။

ဆိုရလျှင် အင်အားကြီးနှစ်နိုင်ငံကြား ထိုကဲ့သို့ ထိပ်တိုက်ရင်ဆိုင်မှုများသည် စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာစေလျက်ရှိသည်။ အကြောင်းမူကား ဆီးရီးယားနိုင်ငံမှသည် ပင်လယ်နက်အတွင်းဖြစ်ပေါ်လျက်ရှိသော မတော်တဆဖြစ်စဉ်များကို ကြိုတင်ကာကွယ်တားဆီးနိုင်မည့် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်းများ လိုအပ်နေသောကြောင့်ပင်ဖြစ်သည်။ ဒရုန်းဖျက်ချခံရသည့်ဖြစ်စဉ်များ ထပ်မံဖြစ်ပွားလာမည်ဆိုလျှင် အမေရိကန်က ၎င်းလုပ်ရပ်ကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူလာနိုင်သဖြင့် ဒေသတွင်း၌ တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင်ပေသည်။

**❖ ဆိုရလျှင် အင်အားကြီးနှစ်နိုင်ငံကြား ထိုကဲ့သို့ ထိပ်တိုက်ရင်ဆိုင်မှုများသည် စိုးရိမ်ပူပန်မှုများပိုမိုမြင့်တက်လာစေလျက်ရှိသည်။ အကြောင်းမူကား ဆီးရီးယားနိုင်ငံမှသည် ပင်လယ်နက်အတွင်း ဖြစ်ပေါ်လျက်ရှိသော မတော်တဆဖြစ်စဉ်များကို ကြိုတင်ကာကွယ်တားဆီးနိုင်မည့် ရှင်းလင်းပြတ်သားသော လုပ်ထုံးလုပ်နည်းများလိုအပ်နေသောကြောင့်ပင်ဖြစ်သည်။ ဒရုန်းဖျက်ချခံရသည့်ဖြစ်စဉ်များ ထပ်မံဖြစ်ပွားလာမည်ဆိုလျှင် အမေရိကန်က ၎င်းလုပ်ရပ်ကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူလာနိုင်သဖြင့် ဒေသတွင်း၌ တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင်ပေသည်။ ❖**

စိတ်မကောင်းစရာကောင်းသည့်အချက်မှာ မကြာသေးခင်က ဖြစ်ပွားခဲ့သော ဆီးရီးယားဖြစ်စဉ်မျိုးသည် အချိန်မရွေးထပ်မံဖြစ်ပေါ်နိုင်ပေသည်။ ပဋိပက္ခများဖြစ်ပွားနေသည့်အချိန်အခါမျိုးတွင် အသေးအမွှားကိစ္စလေးတစ်ခုအပေါ် နားလည်မှုလွဲမှားခြင်းသည် အတွက်အချက်များမှားယွင်းကာ နောင်တရစရာများစွာကိုသာ ပွေ့ပိုက်ရလေ့ရှိသည်။ ထို့ကြောင့် တတ်သိပညာရှင်များအနေဖြင့် သေကျေပျက်စီးမှုဖြစ်ပွားစေနိုင်သည့်ရလဒ်များကို ကြိုတင်ကာကွယ်တားဆီးသွားရန် လိုအပ်ပေသည်။

ဆီးရီးယားနိုင်ငံတွင် စွန့်စားလုပ်ဆောင်မှုများ မြင့်တက်လျက်ရှိသောကြောင့် အမေရိကန်နှင့်ရုရှားတပ်ဖွဲ့များကြား တင်းမာမှုများလျှော့ချနိုင်မည့် လုပ်ထုံးလုပ်နည်းများ အရေးပေါ်လိုအပ်နေပြီဖြစ်သည်။ နှစ်ဖက်တပ်ဖွဲ့များအနေဖြင့် ဖုန်းလက်ခံပြောဆိုသွားမည်ဆိုလျှင် စက်ဘက်ဆိုင်ရာ ဖုန်းလိုင်းထူထောင်ခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ ဆီးရီးယားနိုင်ငံတွင် ဘေးအန္တရာယ်များရှောင်လွှဲနိုင်ရန်အတွက် အမေရိကန်နှင့်ရုရှားတို့အနေဖြင့် ထိပ်တိုက်ရင်ဆိုင်မှုများ တားဆီးနိုင်ရေး လုပ်ဆောင်သွားရမည်ဖြစ်သည့်အပြင် တင်းမာမှုများထပ်မံဖြစ်ပေါ်လာမည်ဆိုလျှင်လည်း အလျင်အမြန်ထိန်းချုပ်သွားရန် လိုအပ်ပေသည်။

၂၀၁၁ ခုနှစ်ကတည်းက ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိသော ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အမေရိကန်နှင့် ရုရှားလေတပ် တပ်ဖွဲ့တို့ကြား နားလည်မှုလွဲမှားရာမှ ပွတ်တိုက်မှုများရှိလာသည်ကိုတွေ့ရှိရပေသည်။ ရုရှားတပ်ဖွဲ့အနေဖြင့် ဆီးရီးယားအစိုးရကို ကျောထောက်နောက်ခံပေးထားသလို အခြားတစ်ဖက်တွင်လည်း အမေရိကန်တပ်ဖွဲ့များအနေဖြင့် ကာ့ဒ်အဖွဲ့ ဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့နှင့်ပူးပေါင်းကာ Islamic Stat (ISIS) အကြမ်းဖက်အဖွဲ့များကို ချေမှုန်းတိုက်ခိုက်ရန်ဆိုသော အကြောင်းပြချက်ဖြင့် ၂၀၁၄ ခုနှစ်တွင် ဆီးရီးယားအရှေ့မြောက်ပိုင်းဒေသတွင် တပ်ဖြန့်ချထားခဲ့သည်။ နှစ်ဖက်တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုများရှောင်ရှားနိုင်ရေးအတွက် ဆက်သွယ်ရေးလိုင်းများ ထူထောင်ခဲ့သော်လည်းတပ်ဖွဲ့များလှုပ်ရှားမှုနှင့်စပ်လျဉ်း၍ အပြန်အလှန်အသိပေးရန် ပျက်ကွက်ရာမှ ထိပ်တိုက်ရင်ဆိုင်မှုများဆီသို့ ဦးတည်လာစေခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံတပ်ဖွဲ့များအနေဖြင့် ဆက်သွယ်ရေးလိုင်းများ ပြန်လည်ထူထောင်ပြီး တပ်လှုပ်ရှားမှုများကို အပြန်အလှန်အသိပေးဆောင်ရွက်ခြင်းအားဖြင့် မမျှော်မှန်းနိုင်သောပွတ်တိုက်မှုများ လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား**

- US- Russia tension high over Syria by Asia Times.

# မြန်မာလူမျိုးတို့၏ကွမ်းစားခြင်းဓလေ့

ကိုကျော်စွာ(ကျိုက်ပီ)



ကွမ်းစားခြင်းသည် မြန်မာလူမျိုးတို့၏ရိုးရာဓလေ့တစ်ခုသဖွယ်ဖြစ်နေသည်။ စာရေးသူတို့မြန်မာနိုင်ငံတွင် ရိုးရာဓလေ့များစွာရှိသည့်အနက် ကွမ်းစားခြင်းဓလေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အလှူပွဲတွင်လည်း ကွမ်းပါသည်။ မင်္ဂလာပွဲတွင်လည်း ကွမ်းပါသည်။ နောက်ဆုံးနာရေးတွင်ပင် ကွမ်းပါသည်။ ရိုးရာယုံကြည်မှုအရ နတ်တင်ရာတွင်လည်း "လက်ဖက်တစ်ရိုး၊ ကွမ်းရိုးတစ်ညှာ"ဟုအဆိုရှိပြန်သည်။ မိမိအိမ်သို့ ဧည့်သည်လာလျှင်ပင် ကွမ်းအစ်တည်ပေးလေ့ရှိကြသည်။ ကွမ်းသည် မြန်မာမှုနယ်ပယ်တွင် ဓလေ့တစ်ခုဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင် ကွမ်းစားလျှင် ကျန်းမာရေးကို ထိခိုက်စေသဖြင့် ကွမ်းစားသုံးမှုကို တားမြစ်နေကြသည်။ စာရေးသူအနေဖြင့် ကွမ်းသမိုင်းနှင့် ကွမ်းစားခြင်းဓလေ့အကြောင်းကိုသာ တင်ပြမည်ဖြစ်သည်။ ကွမ်းစားရန် တိုက်တွန်းခြင်းမဟုတ်ကြောင်း ပြောလိုပါသည်။

**ကွမ်းပင်၏ပုံသဏ္ဌာန်နှင့် အခေါ်အဝေါ်များ**

ကွမ်းပင်သည်နွယ်ပင်မျိုးဖြစ်သည်။ ငရုတ်ကောင်းမျိုးရင်းဝင်(Piperaceae)ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Piper Betle Linn ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ Betle Vine ဖြစ်ပြီး ကချင်အမည်မှာ Buru ဖြစ်သည်။ ရှမ်းဘာသာအရ Pu ဟုခေါ်သည်။ ကွမ်းပင်ကို အနုစား၊ အလတ်စား၊ အကြမ်းစား၊ အရိုင်းစားဟူ၍ လေးမျိုးခွဲခြားထားသည်။ ကွမ်းပင်ကို မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် စိုက်ပျိုးလေ့ရှိကြသည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသကဲ့သို့ စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

**ကွမ်း၏သမိုင်းအစ**

ကွမ်း၏သမိုင်းဟုဆိုလိုက်သည်နှင့် ကွမ်းပင်၏စတင်ရာဒေသကို ပြောရန်လိုအပ်မည်ဟုထင်သည်။ ကွမ်းအကြောင်းကို ဘုရားဟောနိပါတ်တော်တွင်လည်း တွေ့ရှိရသည်။ ထို့ကြောင့် ဘုရားဟောနိပါတ်၌ ကွမ်းအကြောင်းဟောထားသည့် နိပါတ်တော်ရှိသည်ဆိုသောကြောင့် ဘုရားပွင့်ရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်ကပင် ကွမ်းစားခြင်းဓလေ့စတင်နေပြီဟု ယူဆနိုင်သည်။ သီရိမ္မာသောကမင်းကြီး၏ မိဖုရားအသန္ဓိမိတ္တာသည် နန်းတော်၌ ကရဝိက်ငှက်၏ သာယာသောအသံကိုကြားရသဖြင့် ထိုငှက်ကိုအမှတ်တရအနေဖြင့် အဆိုပါငှက်သဏ္ဌာန်ရွှေကွမ်းအစ် ပြုလုပ်ခဲ့ကြောင်း ရွှေဘုံနိဒါန်းကျမ်း၌ လာရှိသည်ဟုဆိုသည်။

ကွမ်းစားခြင်းဓလေ့ကို အိန္ဒိယနိုင်ငံက စတင်ခဲ့သည်ဟုသိရသည်။ သို့သော် ရုက္ခဗေဒပညာရှင်များ၏ အဆိုအရ ကွမ်းပင်မူရင်းဒေသမှာ မလေးရှားနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသဟုသိရသည်။ မာကိုပိုလို၏မှတ်တမ်းအရ အိန္ဒိယလူမျိုးများ ကွမ်းစားလေ့ရှိကြောင်း မှတ်တမ်းတင်ထားသည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ၎င်းကို ကွမ်း၏သမိုင်းအစဟုပင် စာရေးသူအနေဖြင့် ယူဆမိသည်။

**မြန်မာလူမျိုးတို့၏ ကွမ်းစားခြင်းအလေ့အထ**

မြန်မာလူမျိုးတို့၏ ကွမ်းစားခြင်းအလေ့အထသည် ပုဂံခေတ်မတိုင်မီကပင်ရှိခဲ့သည်။ တကောင်းမင်းများလက်ထက်တွင် ကွမ်းလောင်းကြီး၊ ကွမ်းလောင်းငယ် အဆောင်အယောင်များရှိခြင်းကိုထောက်၍ သိနိုင်သည်။ ထို့ပြင် ကွမ်းစားခြင်းဓလေ့သည် ပုဂံခေတ်တွင်လည်းရှိခဲ့သည်။ ၎င်းကို ပုဂံပုထိုးသားများဘုရားရှိဘုရားအလောင်းတော်ကို ကာလဒေဝီဋ္ဌရသေ့ ဖူးမြော်ဟန် ပန်းချီကားတွင် ကွမ်းသီးပင်ဟုယူဆရသောအပင်ကိုထည့်သွင်းရေးဆွဲထားသည်။ ထို့ကြောင့် ပုဂံသူ၊ ပုဂံသားတို့သည် ကွမ်းစားကြောင်း ခန့်မှန်းနိုင်သည်။ ပုဂံသားတို့ကွမ်းစားခြင်းဓလေ့သည် အိန္ဒိယမှ ယူလာဟန်တူသည်။ ထို့ပြင် အနော်ရထာမင်း၏ ခမည်းတော်အမည်သည် ကွမ်းဆော်ကြောင်ဖြူမင်းဖြစ်သည်။ ဘုရင်မဖြစ်ခင်က ကွမ်းတော်ဆက်သသူဖြစ်ဟန်တူပါသည်။

မြန်မာရာဇဝင်တွင်လည်း အမတ်ကြီးရာဇသင်္ကြံကို သီဟသူမင်းက ကွမ်းသွေးဖြင့် ထွေးဖူးကြောင်းပါရှိသည်။ အမတ်ကြီးလည်း စိတ်နာကာ ကွမ်းသွေးစွန်းသောဖျင်ကို သေတ္တာ၌သိမ်းထားပြီး အခွင့်သာသောအခါ သီဟသူကိုလုပ်ကြံ၍ ညီတော်နရသီဟပတေ့ကို နန်းတင်လေသည်။ သီဟသူမင်းသည် ကွမ်းကြောင့်ပင် အနိစ္စရောက်ရခြင်းဖြစ်သည်။ ထို့ပြင် ရခိုင်ရာဇဝင်ကို ကြည့်ပါက ရခိုင်ဘုရင်မင်းထီးသည် ကွမ်းစားပြီး နန်းတော်တိုင်ထုံးတို့ပါက လက်ဖြတ်မည်ဟု အမိန့်ရှိရာ မိမိကိုယ်တိုင်မေ့လျော့ကာ နန်းတော်တိုင်ထုံးတို့မိသဖြင့် မိမိလက်ညှိုးကို ကိုယ်တော်တိုင်ဖြတ်ခဲ့သည်။ ထို့ပြင် မြန်မာမင်းများလက်ထက်တော်က လွှတ်တော်ခစားရသော မှူးတော်မတ်တော်များသည် ရာထူးအလိုက် ကွမ်းသွေးထွေးရန် ကွမ်းသွေးပေါက်များ ရရှိကြသည်ဟုသိရသည်။ မြန်မာဘုရင်များလက်ထက်တွင် ကွမ်းအစ်များကို ဟင်္သာရုပ်ခံကွမ်းအစ်၊ ကရဝိက်ရုပ်ခံကွမ်းအစ်၊ နဂါးရုပ်ခံကွမ်းအစ်၊ ခြင်္သေ့ရုပ်ခံကွမ်းအစ်ဟူ၍ အမျိုးမျိုးရှိကြသည်။

ယနေ့ခေတ်တွင်တော့ ယွန်းကွမ်းအစ်၊ စတီးကွမ်းအစ်၊ ကြေးကွမ်းအစ်စသည်ဖြင့် အသုံးပြုကြသည်။ မြန်မာလူမျိုးတို့၏ ကွမ်းစားခြင်းဓလေ့သည် ရှေးမင်းများလက်ထက်မှစ၍ ယနေ့ထိဆိုလျှင် နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

**စာကဗျာလာ ကွမ်းစားခြင်းဓလေ့အကြောင်း**

ကွမ်းသည် ကဗျာစာပေဖွဲ့ရလောက်အောင် မြန်မာလူမျိုးများကို လွှမ်းမိုးထားသည်။ ကွမ်းစားခြင်းနှင့်ပတ်သက်ပြီး လူဦးမင်းက "တံတားဦးက ကွမ်းနှုဝါ၊ ငမြာကဆေး၊ ကွမ်းသီးတောင်ငူနှင့်၊ ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး"ဟု ဒွေးချိုးတစ်ပုဒ်ကို စပ်ဆိုခဲ့သည်။ ထို့ပြင် ဖိုးသူတော်ဦးမင်းကလည်း ကွမ်းဖွဲ့ ဒွေးချိုးတစ်ပုဒ်ကို စပ်ဆိုခဲ့သည်။ ၎င်းမှာ "ကွမ်းရွက်ကယ်ညှာကြွေ၊ ရေစိမ်တဲ့ဆေး၊ သန်းခေါက်လိုင်လိုင်နဲ့၊ ချိုင်လိုက်မယ် ထုံးဖြူခြောက်ကယ်၊ အာပေါက်မှထွေး"ဟူ၍စပ်ဆိုခဲ့သည်။ ထို့ပြင် ကဝိလက္ခဏာဆရာကလည်း ကွမ်းရွက်၏ကောင်းခြင်းလက္ခဏာကို "ခွက်ကြုတ်ကလပ်၊ ပြည့်အောင်ထပ်၊ ဖြူဖတ်ကွမ်းရွက်ဝါ"ဟု စာစပ်ခဲ့သည်။ ထို့ပြင် ကဝိလက္ခဏာဆရာက ဆက်လက်ပြီး ကွမ်း၏ဂုဏ်ရည်ကို "ကျီးအာနှုင်းတမ်း၊ မယ့်နှုတ်ခမ်း၊ ကွမ်းနှင့် တလှိုင်လှိုင်၊ နီနီမြန်းမြန်း၊ တမလန်း၊ ကွမ်းပန်းစားပါလေ၊ စံပါပရုပ်၊ ယူလိမ်းသုတ်၊ ရွှေနှုတ်ကွမ်းနီနီ။ ကွမ်းတဖွတ်ဖွတ်၊ ထုံးခွန်သွတ်၊ နှုးညွတ်စိတ်ရွှင်ရွှင်"ဟုရေးဖွဲ့ခဲ့သည်။ ထို့ပြင် သံဝရပျို့တွင် "စားတော်ရေကွမ်း၊ ဝတ်လွှမ်းတောင်းဖျင်း၊ စီရင်ချဉ်းကပ်"ဟုလည်းကောင်း၊ ရာမရကန်ဦးတိုးကလည်း "ယူခဲ့ပါလေ၊ ကွမ်းယာ လောင်းတမ်း၊ ရှင်ထူးတမ်း၊ ပျော်စမ်းစို့နော်"ဟူ၍လည်းကောင်း ရေးဖွဲ့ခဲ့သည်။ ထို့ပြင် အချိန်နှင့်ကွမ်းကို ခိုင်းနှိုင်းထားသည့်စကားများလည်းရှိသည်။ "ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ယာညက်"ဟူ၍ဖြစ်သည်။ ခရီးတာအကွာအဝေးကို ပြောရာတွင်လည်း "ကွမ်းတစ်ရာညက်"ဟုသုံးလေ့ရှိသည်။ ကွမ်းယာတစ်ယာညက်လျှင် ရောက်နိုင်သည်ဟုဆိုလိုသည်။ ထို့ပြင် ကွမ်းစားများပါက ဖျားနာတတ်ကြောင်းကိုလည်း "ကွမ်းအစ်ကိုလက်စွဲလို့၊ ရွာဖြက ကိုယ်တော်၊ အောင်ဘော်ရဲ့ဝရီး၊ တွေ့မရှောင်၊ အပြောင်စားတယ်၊ ဖျားတဲ့ခင်ကြီး"ဟု စာဖွဲ့ခဲ့သည်။ ဤကား ကဗျာစာပေလာ ကွမ်းစားခြင်းဓလေ့အကြောင်းပင်ဖြစ်သည်။

**ကျောက်စာအထောက်အထား**

မြန်မာလူမျိုးများကွမ်းစားခြင်းဓလေ့နှင့်ပတ်သက်သော ကျောက်စာအထောက်အထားများရှိသည်။ အများအားဖြင့် ပုဂံခေတ်ကျောက်စာများဖြစ်သည်။ သက္ကရာဇ် ၆၀၃ ခုနှစ်တွင် ရေးထိုးသော ကူနီဘုရားကျောက်စာတွင် စာသင်တိုက်ရှိ ရဟန်းတော်များအတွက် ကွမ်းဖိုး၊ ကွမ်းသီးဖိုး စပါးများလှူကြောင်း ရေးထိုးထားသည်။ ထို့ပြင် သက္ကရာဇ် ၅၈၅ ခုနှစ်တွင် ရေးထိုးသော ပုဂံလေးထောင့်ကန်ရပ် လေးမျက်နှာဘုရားကျောက်စာ၌ "ဘုရားတရား၌ သင်ပုတ်ဆီမီး ကွမ်းပန်းမပြတ် တင်ရစ်စိမ့်သောငှာ"ဟုလည်းကောင်း၊ သက္ကရာဇ် ၆၃၅ ခုနှစ်ထိုး ပုဂံသံပျင်လက်ဆောင်ကျောင်းကျောက်စာ၌ "အဘိုးအဘေးကလာသော လက်ဆောင် လယ် ၇၅ ပယ်-ကွမ်းသီးဥယျာဉ်လယ်တစ်ပယ်"ဟုလည်းကောင်း ရေးထိုးထားသည်။ ထို့ကြောင့် မြန်မာလူမျိုးများ၏ ကွမ်းစားခြင်းဓလေ့သည် ခေတ်အဆက်ဆက်က လက်ဆင့်ကမ်းတည်ရှိလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

**ကဝိလက္ခဏာဒီပနီကျမ်းလာ ကွမ်းစားနည်း**

စာရေးသူအနေဖြင့် ကွမ်းစားနည်းကိုဖော်ပြခြင်းသည် ကွမ်းစား၍ ဘေးဖြစ်စေလိုသောဆန္ဒကြောင့်မဟုတ်ပေ။ သုတတိုးစေလိုသောဆန္ဒဖြင့်သာ ဖော်ပြခြင်းဖြစ်သည်။ ကွမ်းစားနည်းကို ကဝိလက္ခဏာဒီပနီကျမ်း၌ "ရှားစေး ကွမ်း ထုံး၊ သုံးထွေရုံး၊ လျှာလုံးနီမြန်မြန်"ဟူသောစာချိုးအရ ရှားစေး၊ ကွမ်း၊ ထုံး သုံးမျိုးပေါင်းစပ်၍ စားသုံးရန်ဖြစ်သည်။ ယခုခေတ်တွင် စားသကဲ့သို့ ဆေးမျိုးစုံထည့်စားခိုင်းခြင်းမဟုတ်ပေ။ အဆိုပါအတိုင်း သုံးမျိုးပေါင်းစပ်စားသုံးမှုသာ ကွမ်း၏အရသာပြည့်စုံကြောင်း သိရသည်။ ထို့ပြင် စာရေးဆရာကြီး သုမောင်ကလည်း ကွမ်းစကားဟူသော စာအုပ်ကိုရေးသားခဲ့ဖူးသည်။ ထိုစာအုပ်၏ အမှာစာ၌ ကွမ်းစကားဟူသော ခေါင်းစဉ်ပေးထားခြင်းနှင့်ပတ်သက်ပြီး ဤသို့ရေးသားခဲ့သည်။ ကွမ်းစားရာတွင် အရည်လည်းမရ၊ အဖတ်လည်းမရပေ။ သို့သော် လူများ အဘယ်ကြောင့် ကွမ်းစားကြသနည်း။ ထိုကွမ်းထဲတွင် ကောင်းသောအရသာတစ်ခုရှိနေသောကြောင့်သာဟုဆိုခဲ့သည်။ အလားတူပင် သူ၏စာများတွင်လည်း ကွမ်းကဲ့သို့ အရသာတစ်ခုရှိနေသောကြောင့် ကွမ်းစကားဟု အမည်ပေးခဲ့ခြင်းဟုဆိုသည်။ ထို့ကြောင့် ကွမ်းကို အထက်ပါနည်းအတိုင်းစားပါက ကျန်းမာရေးနှင့်ညီညွတ်ပြီး အရသာကောင်းမွန်ပြည့်စုံလိမ့်မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် မြန်မာလူမျိုးတို့၏ ကွမ်းစားခြင်းသည် ရှေးဘုရင်များလက်ထက်မှစ၍ ယနေ့ထိဖြစ်သည်။ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ဟုပင်ဆိုသင့်သည်။ ဆိုလည်းဆိုထိုက်သည်။ အကြောင်းမှာ အခမ်းအနားများတွင် ကွမ်းသည်ပွဲဝင်သောကြောင့်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ကွမ်းစားခြင်းသည် သမိုင်းအရလည်းကောင်း၊ ကျောက်စာနှင့် စာကဗျာများအရလည်းကောင်း သိနိုင်သည်။ ကွမ်းရွက်သည် ဆေးဖက်ဝင်သဖြင့် ရှေးယခင် ကွမ်း၊ ထုံး၊ ရှားစေးသုံးမျိုးဖြင့်သာ ဆေးအဖြစ်စားခဲ့ကြခြင်းဟု ယူဆရပေမည်။ ယခုအခါ နိုင်ငံခြားဆေးများဖြင့် အလွန်အမင်း စားသုံးနေခြင်းကြောင့် ဘေးဖြစ်လာခဲ့သည်။ စာရေးသူအနေဖြင့် ကွမ်း၏ကောင်းကျိုးဆိုးကျိုးများကို ဖော်ပြခြင်းမဟုတ်ပေ။ မြန်မာလူမျိုးတို့၏ ကွမ်းစားခြင်းဓလေ့ကိုသာ သုတရစေခြင်းငှာ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

> ❖ ကွမ်းအကြောင်းကို ဘုရားဟောနိပါတ်တော်တွင်လည်း တွေ့ရှိရသည်။ ထို့ကြောင့် ဘုရားဟောနိပါတ်၌ ကွမ်းအကြောင်းဟောထားသည့် နိပါတ်တော်ရှိသည်ဆိုသောကြောင့် ဘုရားပွင့်ရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်ကပင် ကွမ်းစားခြင်းဓလေ့စတင်နေပြီဟု ယူဆနိုင်သည်။ သီရိမ္မာသောကမင်းကြီး၏ မိဖုရားအသန္ဓိမိတ္တာသည် နန်းတော်၌ ကရဝိက်ငှက်၏ သာယာသောအသံကိုကြားရသဖြင့် ထိုငှက်ကိုအမှတ်တရအနေဖြင့် အဆိုပါငှက်သဏ္ဌာန်ရွှေကွမ်းအစ် ပြုလုပ်ခဲ့ကြောင်း ရွှေဘုံနိဒါန်းကျမ်း၌ လာရှိသည်ဟုဆိုသည်။ ❖


**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ - ၂**
- **ဓလေ့သမိုင်းများ(ရွှေကိုင်းသား)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds emergency disaster management meeting




Senior General Min Aung Hlaing hears report on cyclone Mocha.

**Nay Pyi Taw May 14**

A low depression area formed over southeast Bay of Bengal and adjoining south Andaman Sea had gradually intensified into Extremely Severe Cyclonic Storm "Mocha" and was likely to cross Myanmar. In this regard, an emergency disaster management meeting led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing was held at the assembly hall of Office of Commander-in-Chief this morning to carry out emergency management, response, rescue and cooperation, and to set up ready teams and rehabilitation programs.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, union ministers U Aung Naing Oo, Dr Kan Zaw, U Maung Maung Ohn and U Ko Ko, Yangon Region Chief Minister U Soe Thein, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief and officials.

**Formation of storm and its direction towards Myanmar**

First, Admiral Moe Aung reported on the development of a low depression area over southeast Bay of Bengal and adjoining south Andaman Sea into cyclonic storm Mocha which later intensified into Extremely Severe Cyclonic Storm, possibility of the storm entering Myanmar earlier than the predicted time and the likely damage it might cause owing to the storm's path to Myanmar and its intensifying wind speed.

In response, Senior General Min Aung Hlaing said storm warnings were issued in advance. The storm was marked red three days ago as it was more likely to move into the Myanmar coastal area. Necessary preparations were made. The degree of destruction in coastal areas as well as the areas the storm would cross after making landfall must be reduced to the most possible extent. Normally, rainfall is heavy in the storm-hit areas. Preparations should be made in advance to carry out relief and rescue operations at the storm-hit areas in time.

Emergency rice and other food supplies stored in advance by State and Tatmadaw

Union Minister for Commerce U Aung Naing Oo, Union Minister for Religious Affairs and Culture U Ko Ko, Chairman of Myanmar Economic Holding Public Co. Ltd Lt-Gen Hsan Oo, Chairman of Myanmar Economic Corporation Lt-Gen Nyo Saw, and Quartermaster-General Lt-Gen Kyaw Swa Lin reported on region-wise storage of reserve rice in advance for storm-hit areas, storage of food supplies and tin roofs by Tatmadaw, instant noodles, food supplies, edible oil, personal goods and construction material for emergency purpose, preparations to cause lest destruction to Bagan ancient cultural zone, emergency repair programs for monasteries and nunneries, and continued provision of meals for monks and nuns.

The Senior General looked into the requirements and said food supplies must be stored in advance and military aircraft, vessels and vehicles must be readied to transport them to storm-hit areas in time. Aid distribution must be swift and effective and aid packages must be user-friendly. Normally monasteries are located at the edge of villages or towns and the damaged ones must be repaired in time, and priority must be given to monasteries and schools. Moreover, robes and nun uniforms must be stored in advance. Protection programs must be set up to cause least damage to pagodas in Bagan ancient cultural zone.

**Pre-arranged healthcare programs**

Adjutant-General Lt-Gen Soe Min Oo explained the preparations made by Tatmadaw to distribute medicines and send medical teams.

In response, the Senior General spoke of the need to make healthcare programs and medical aids, medical teams and seagoing hospitals ready for relief operations. He said seagoing hospitals must also carry emergency food aid and social goods. Teams should be sent to deal with the follow-up diseases.

**Preparedness for moving disaster victims, roads and communications, reconstruction**

Then, Commander-in-Chief (Air) General Tun Aung, Quartermaster-General Lt-Gen Kyaw Swar Lin and Director of Directorate of Military Engineers Brig-Gen Zaw Naing Oo reported on preparedness for readiness of aircraft and helicopters, capabilities and requirements of aircraft and helicopters, forming 10 units of vehicle comprising emergency relief items to move the victims in the cyclone-hit areas, members of Military Medical Corps and Military Engineers and information teams and sending them to the cyclone-hit areas, readiness of emergency and military use bailey bridges and helipads for building emergency landing areas for helicopters and readiness of vehicles carrying drinking water and power generators.

Regarding the reports, the Senior General said it is necessary to make preparations on Sittway Airport in order that aircraft could land at night time to deliver relief items from time to time after the storm although aircraft and helicopters could not be used during the storm. It is necessary to form two more vehicle units beside the 10 units for emergency rescue and to prepare in advance in order that relief items could be timely delivered to areas in need of them at the required time.

**Measures being taken to have and release real time information**

Next, Union Minister for Information U Maung Maung Ohn and Director of Directorate of Public Relations and Psychological Warfare Maj-Gen Zaw Min Tun reported on using the backpack satellite communications system to constantly receive information on the storm-related situation in the storm-affected regions it and release it and releasing information on the cyclone on radio, TV and websites constantly in order that the public are aware of that from time to time.

Regarding the reports, the Senior General said it is to release information on public awareness and alertness saying that disaster risks such as flooding and landslides could occur not only in coastal areas but inland areas where are affected by the storm. Storm warnings could be released in various ways to ensure that everyone could be aware. It is necessary to take measures to have relevant information from time to time.

**Cooperating with international organizations in relief measures for disaster-affected areas**

Afterwards, Union Minister for Investment and Foreign Economic Relations Dr. Kan Zaw reported on the state of measures being taken in cooperation with international organizations to provide relief measures in the disaster-affected areas.

Regarding the reports, the Senior General said that in carrying out the disaster relief tasks, the Ministry of Foreign Affairs, the Ministry of International Cooperation and the Ministry of Social Welfare and Resettlement need to work together from time to time as well as to cooperate with the AHA Center.

**To take relief measures without leaving any citizen**

The Senior General then asked union ministers, the Chief Minister of Yangon Region and senior military officers about the needs and suggestions and said that it is necessary to get the aircraft, vessels and vehicles ready to quickly and effectively deliver relief and emergency items to the cyclone-battered areas. Ministries concerned, region and state governments, defense services (army, navy and air) and military commands are to work together in taking relief and recovery measures.

The Senior General also said that it was necessary to take relief measures without leaving any citizen and he would be keeping an eye on the state of taking relief measures to overcome the disaster risk with a minimum damage and be able to fulfill the needs from time to time.

# SAC Chairman Prime Minister Senior General Min Aung Hlaing attends 75th anniversary (Diamond Jubilee) ceremony of founding bilateral relations and diplomatic relations between Myanmar and India




Senior General Min Aung Hlaing addresses the diamond jubilee of Myanmar-India friendship and diplomatic ties.

**Nay Pyi Taw May 14**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony to mark the 75th anniversary (Diamond Jubilee) ceremony of founding bilateral relations and diplomatic relations between Myanmar and India organized by the Myanmar-India International Business Federation and the Myanmar-India Friendship and Development Association at the National Theatre in Yangon yesterday evening.

Also present at the ceremony together with the Senior General were his wife Daw Kyu Kyu Hla, Council Joint Secretary Lt-Gen Ye Win Oo and wife, Union ministers and wives, the Yangon Region Chief Minister, senior military officers and wives, the Indian Ambassador to Myanmar H.E. Mr. Vinay Kumar and wife, officials of Indian Embassy and the Defence Attaché Office to Myanmar, the commander of Yangon Command, ambassadors of foreign embassies to Myanmar and officials, the president and officials of Myanmar-India International Business Federation, officials of Myanmar-India Friendship and Development Association and guests.

As the Senior General and wife arrived at the venue where the ceremony would be held, Indian Ambassador to Myanmar H.E. Mr. Vinay Kumar and wife, ambassadors and officials from foreign embassies to Myanmar, the president and officials of Myanmar-India International Business Federation and officials welcomed them.

The Senior General and the Indian Ambassador pressed the button to launch the 75th anniversary (Diamond Jubilee) ceremony to mark the founding bilateral relations and diplomatic relations between Myanmar and India and had documentary photos taken together with attendees.

The Senior General and party viewed round the photo gallery to mark the ceremony.

Then, a video clip on 75th anniversary (Diamond Jubilee) ceremony of founding bilateral relations and diplomatic relations between Myanmar and India was shown.

Speaking on the occasion, the Senior General said that Myanmar and India established the diplomatic relations on 4 January 1948 when Myanmar regained independence. So, it turned 75 years. Before the diplomatic relations, both countries have been preserving the traditions on religious, culture and social affairs for hundreds of years and both countries are sharing long borders.

According to the records, Myanmar and India have been vitalizing the religious and cultural relations since the reign of King Asoka. After the third Buddhist Synod, King Asoka send Buddhist missionaries to nine regions, initiating the Myanmar-India relations. Moreover, some evidences were found that both countries communicated with each other in the Sri Ksetra era. In the time of Bagan, bilateral relations increased more.

Long term existence of bilateral relations is based on political backgrounds on life under colonial yoke of British colonialists, efforts to regain independence, arresting Myanmar's last king Thi Paw from Mandalay Yadanabon Palace to Ratanagiri of India and his demise at the venue, arresting last Muhgal Zafar Shah of India to Myanmar and his demise in Yangon, location of Myanmar monasteries in Budh Gaya in India, visits of Myanmar people to India on religious trips and these countries based on agricultural farms.

It can be seen that as both countries have been relating with each other since yore due to same religions, culture and customs, literature, fine arts, architectural and building sciences, ration, clothing and utensils as well as trading, many usage of these materials are the same.

For example, daily utensils and meals are commonly used in both Myanmar and Indian languages. Moreover, the Pusoe can be called as sarong.

Both Myanmar and India fell under the colonial yoke of British and they strived for independence struggling. In this regard, leaders of both countries communicated with each other and their fighting together plays a key role in bilateral relations. General Aung San, who is Myanamr national leader as well as independence architect, and Indian national leader Pandit Jawaharlal Nehru were respectful to each other. Before going to England to sign the Aung San-Atlee treaty which is important for Myanmar independence, both leaders held a meeting in New Delhi of India. Nehru gave his coat to General Aung San to endure weather of England showing their fraternity and attachment.

As both countries have common historical and geographical conditions, they cooperate with each other in trade and culture sectors based on bilateral relations of leaders from both countries. Peoples from both countries are also communicating with each for development.

Moreover, India gave arm aid to Myanmar in the internal armed conflicts in the post-independence period. In 1951, Indian Prime Minister Nehru fully stood for Myanmar to fight against invasion of KMT. In addition, India actively supported Myanmar in submitting the objection on invasion of KMT to the United Nations. Myanmar never forgets the gratitude of India.

In the post-independence era, both countries maintained further friendly relations based on mutual understanding and good neighbourhood. In successive era, both leaders exchanged goodwill visits to enhance bilateral relations.

Myanmar and India signed the Treaty of Peace and Friendship on 7 July 1951 under which lasting peace and friendship were built. The Colombo Conference held in Sri Lanka in April 1954 was attended by Myanmar Prime Minister U Nu and Indian Prime Minister Nehru together with Sri Lanka, Indonesia and Pakistan. Over the Kashmir crisis between India and Pakistan, the problem could be solved with the effort of U Nu.

Myanmar and India together signed the Five Principles of *See Page 14*



Senior General Min Aung Hlaing visits the photo booth on the diamond jubilee of Myanmar-India friendship and diplomatic ties.

*From Page 13*

Peaceful Coexistence held at the Bandung Conference held in Indonesia in 1955.

When Myanmar suffered an economic crisis in 1954, India as a good neighbor sold 900,000 tons of rice, which is still in the minds of Myanmar people.

Bilateral trade gradually increased after signing a Myanmar-India trade agreement in 1970. India is the fifth largest trade partner of Myanmar. India is ranked fourth in export and fifth in import. Myanmar exports beans and other products, imports medicines and machinery and receives technological aid from India.

In repairing the Buddhist temples damaged by a quake in 2016, the Indian government made donations. Moreover, it sold 13.4 million doses of Covishield vaccines during the Covid-19 pandemic. Sasakawa Foundation donated two million doses of Covaxin and the Indian government one million doses of the same vaccine. And Myanmar is sincerely grateful for all these.

Besides, cooperation is going on for the Kaladan Multimodal Project and India-Myanmar-Thailand highway project. The Kaladan project connects Sittway Port and Mizoram province in northeastern India. There will be more job opportunities for the people of Rakhine and Chin states. The project will play a key role in regional development. As part of the project that includes Sittway Port, a special economic zone will emerge as well.

Having a similar interest, Myanmar and India will be cooperating in the areas of defence, agriculture, livestock breeding, fishery, rural development, energy, foodstuff, clothing, technology, health, education and vocation, tourism, service, renewable energy, banking and finance.

Both countries have seen a lot of benefits from the bilateral cooperation and friendship between successive Indian leaders from Prime Minister Nehru, Indira Gandhi, Rajiv Gandhi, Manmohan Singh to Narendra Modi and Myanmar leaders in the political field including Tatmadaw leaders including myself over the 75 years of diplomatic ties. Under Indian Prime Minister Narendra Modi, Myanmar and India's relations have reached a crucial juncture.

In retrospect also, the two nations have shown mutual respect for each other as good neighbours and friends in line with the Five Principles of Peaceful Coexistence.

At a time when our State Administration Council assumes State duties in accord with the constitution (2008), it can be seen that the two countries are continuously working to promote and strengthen cooperation in multiple sectors based on the Five Principles of Peaceful Coexistence and the independent, active and non-alignment policy.

Myanmar is located at the centre of South Asia, Southeast Asia and East Asia. In accord with the Look East Policy that Prime Minister has voiced as a slogan since 2014 Narendra Modi, Myanmar is a strategically important country for India wishing to communicate with Southeast Asia. Moreover, Myanmar bridges India and Southeast Asia. If such important geopolitical advantages are to be fully used, there will be mutual benefits between the two peoples of the two countries.

The establishment of India Centre in Yangon in December 2021 shows a symbol of bilateral friendship, which will facilitate the mutual contact and understanding between the two countries.

Thanks to the efforts based on a "policy of prioritizing the neighbour" plus bilateral cooperation between the areas of politics, economy, trade, culture and socio-economic development have yielded benefits and good results. These are all a great pleasure for us.

I would like to take this opportunity to express my gratitude to India for its help in the development of human resources, which is a key to the establishment of the great democracy and federal system that the Myanmar people aspire to. The most obvious example is the fact that Myanmar sent more than 6,600 scholars to India between 2013 and 2021.

Now, the persons with doctorate degrees and persons with a master's degree who were sent as scholars, are religious leaders, monks and nuns as well as Union level persons such as the Union Minister and Deputy Minister, and heads of departments in Union organizations and ministries and it will be a pleasure to see them serving such important responsibilities in the country's administration.

The Senior General said that friendship, relationships and mutual support between Myanmar and India are endless as the years go by. If we look at the archive photos displayed at today's ceremony, we will see the history and deep friendships between the two countries. When faced with difficulties and crises, we were able to overcome them together with the spirit of good friends and to this day, it will be evident that the leaders of the two countries have been able to maintain and promote the friendship with great foresight.

If we look at the world today, some of the powerful countries are concerned about the internal affairs of small countries, including our country, on various topics and they are interfering based on their self-interest using a variety of things and methods. Due to the importance of the geographical position of Myanmar, they are making pressure and coercion, criticisms and continuous actions of sanctions on us to shape our country according to their own will, as their puppets and under their influence and we have a belief that "Full strength lies within the country". On behalf of the people of Myanmar, I would like to express my gratitude to the international friends, including India, who have been supporting their country in a positive way, as the good neighbors' genuine attitudes and support have given a great strength to the people of Myanmar when we are facing the difficulties and crises.

The most important need of all the countries that exist together in the modern world is peace, stability and development of socio-economic life. In order to fulfill these requirements, we have fully realized that we must make efforts to strengthen international relations.

Therefore, no matter what challenges Myanmar faces, we would like to state clearly that we will actively continue cooperation with the countries of the world and regional organizations, including the United Nations and as a country that emphasizes ethical rules that will not damage international relations and its country and the interests of its people.

In order to be able to carry out such actions, we set the five-point road map and 12 political, economic and social objectives that will be carried out during the period of our responsibility and in line with the motto "Moving forward to the goal", we are working hard to implement them as long as we have the ability and strength. The Senior General expressed his hope that India would be able to continue cooperation with Myanmar as a good friend and a good neighbor.

75 year is a relatively long period and during this time, being able to maintain a relationship based on friendship, valuing mutual respect and recognizing the sovereignty of a country, is truly something to be proud of.

The Senior General said he was happy and satisfied to attend the ceremony to mark the diamond jubilee of the friendship and diplomatic relations between Myanmar and India, which is full of both form and substance. Therefore, on behalf of the national government, he would like to put it on record about the special gratitude to the individuals and organizations who have worked with full of goodwill to make this event happen.

The Senior General said that he would like to pray for the long-term strengthening of Myanmar-India friendship and the peaceful development of Myanmar-India relations from the Diamond Jubilee diplomatic relations and friendship between Myanmar and India, we can continue to develop and strengthen the close friendship in accordance with the old traditions, friendship, intercourse and mutual interests which will be developed not only for the government institutions between the two countries, but also for the people, bringing the benefit of the countries, benefit of the people with the development of regional interests, the peace of the countries, prosperity and development from the friendship between the two countries, the strong establishment between Myanmar and India and peaceful development between the two countries.

Then, the Indian Ambassador to Myanmar delivered a friendly speech to mark the 75th anniversary of Myanmar-India friendship and diplomatic relations.

After that, the SAC Chairman and the members watched dances, songs and performances of the two cultural organizations of the two countries. After the performances, the SAC Chairman and the Ambassador of India to Myanmar presented awards to the cultural groups of the two countries.

Then it is reported that the SAC Chairman and his wife, the Indian Ambassador to Myanmar and his wife and those who attended the ceremony had a dinner together to commemorate 75th anniversary of friendship and diplomatic relations between Myanmar and India. 100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses second (emergency) meeting of National Natural Disaster Management Committee



Vice-Senior General Soe Win hears report on situations of extremely severe cyclone Mocha.

**Nay Pyi Taw May 14**

The second (emergency) meeting of the National Natural Disaster Management Committee was held at the National Disaster Management Centre of the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw this afternoon and Chair of the NNDMC Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the meeting.

Also present at the meeting were union ministers, the chairman of the Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers, permanent secretaries, directors general and official while chief ministers from states and regions participated in the meeting via video conferencing.

First, the Vice-Senior General arrived at the Natural Disaster Management Centre and heard reports on latest developments about the very severe cyclonic storm Mocha presented by Head of the centre Daw Thiri Maung.

Then, the Vice-Senior General delivered an address saying the meeting is a national-level emergency meeting and the very severe cyclonic storm (Mocha) has developed about 80 miles to the west and southwest of Sittwe and about 85 miles away from Maungtaw area at a speed between 130 to 137 mile per hour, according to measurements made at 10 am by the Department of Meteorology and Hydrology. It was learnt that the storm surge would be as high as 20 feet, according to the latest forecast.

It was learnt that the wind has weakened in Kyaukphyu, Thandwe and Marnaung at the eye of the storm, leaving some damage. Meteorologists have forecast that the eye of the storm will pass through Sittwe and Maungtaw at about 3 pm today.

On 6 May before the very severe cyclonic storm (Mocha), a meeting of the NNDMC was held in accordance with the guidance of the Prime Minister and directives were issued and mock rehearsal were conducted for nine days in forecast affected areas in line with natural disaster projects and directives in force. During the post-cyclone period, respective departments are required to be prepared and respective ministries are required to make relief efforts along the trail of the storm. It is necessary for members of the committee to cooperate in resettlement tasks. Only then, will the situation return to normal as soon as possible. Participants are urged to frankly report measures to be taken during the post-cyclone period.

Then, Deputy Director General of the DMH Daw Tin Yi reported to the committee on the latest development of the storm.

Afterward, vice chairpersons of the NNMC union minister Lt-Gen Soe Htut and Dr Thet Thet Khaing reported to the meeting on measures taken by the NDMC, preparations search and rescue operations, evacuation of residents along the storm trail, efforts to prevent disruption of communication in low lying areas, broadcasting weather forecasts in real time, procurement and storage of reserve rice for affected areas in different storage facilities, storage of medical supplies, basic foodstuffs and relief items and measures taken for rescue and cooperation in affected areas.

Then, union ministers and chairpersons of work committees deputy ministers reported to the meeting on emergency response in affected areas, proposals from some countries and AHA centre to supply relief items and assistance, measures taken for agriculture and livestock breeding during the post-cyclone period, floods caused by heavy rainfalls during the storm, possibilities of flash floods in streams and landslide and inundations in irrigation facilities, broadcasting news to the people in real time, supplying clean drinking water, measures taken for uninterrupted electricity supply, immigration tasks, labour affairs, healthcare services, rehabilitation and resettlement during the post-cyclone period, preparations for transportation, preparations for prevention of disruption of communication, spending funds in accordance with rules and regulations.

Then, the chairman of the Nay Pyi Taw Council and chief ministers from Kachin and Chin States and Sagaing, Magway and Ayeyarwady Regions, senior Tatmadaw officers, deputy ministers and officials discussed coordination among relevant departments for disaster response, preparations for search and rescue operations, awareness-raising tasks for cyclones, preparations for rehabilitation, reconstruction and healthcare, rehabilitation of occupations, procurement of emergency rations and relief items, storage of reserve rice, establishing natural disaster management offices, security measures, conducting survey for initial emergency needs, environmental conservation, measures for transportation, preparation for publishing news and deployment of vehicles from the Tatmadaw (Army, Navy, Air).

Then, participants reported on measures taken to respond to cyclone Mocha and the Vice-Senior General coordinated the needs.

The meeting came to a close with concluding remarks by the Vice-Senior General.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်မိန့်ခွန်း ပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊စစ်သံရုံးတို့မှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် Video Clip ကိုပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် **မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်နေ့၌ပင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ (၇၅)နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်**ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှည်လျားသည့် နယ်နိမိတ်ထိစပ်မှုအပြင် သံတမန်ဆက်ဆံရေးမထူထောင်မီ ရာစုနှစ်ပေါင်းများစွာကပင် ဘာသာရေး၊ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာဆက်နွှယ်မှုသမိုင်းကြောင်းအစဉ်အလာများရှိခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနှင့်အိန္ဒိယ နှစ်နိုင်ငံ၏ဘာသာရေးနှင့် ယဉ်ကျေးမှုဆက်ဆံရေးသည် အသောကမင်းကြီးလက်ထက်ကပင် ရှိခဲ့သည်ဟု မှတ်တမ်းမှတ်ရာများအရ သိရှိရပါကြောင်း၊ အသောကမင်းတရားကြီးသည် တတိယ သံဂါယနာတင်ပွဲအပြီးတွင် ကိုးတိုင်း၊ ကိုးခရိုင်ဌာနသို့ သာသနာပြုများကို စေလွှတ်ခဲ့ပြီး အဆိုပါကာလသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်သွယ်မှုအစပျိုးသည့်ကာလဟု ဆိုနိုင်ပါကြောင်း၊ ထို့ပြင် သရေခေတ္တရာခေတ်က နှစ်နိုင်ငံဆက်သွယ်မှုပြုခဲ့သည့် အထောက်အထားများကိုလည်း တွေ့ရှိခဲ့သည်ဟု မှတ်သားမိပါကြောင်း၊ ပုဂံခေတ်ရောက်သည့်အချိန်တွင် နှစ်နိုင်ငံဆက်သွယ်မှုသည် ပိုမိုတိုးတက်လာခဲ့ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်ခိုင်မြဲစေသည့် အဓိကအကြောင်းရင်းများထဲတွင် ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက်ခံဘဝကျရောက်ခဲ့သည်များ၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ခဲ့ကြမှုများ၊ ဗြိတိသျှနယ်ချဲ့များသည် မြန်မာဘုရင် နောက်ဆုံးမင်းဆက် သီပေါမင်းကို မန္တလေးရတနာပုံနေပြည်တော်က ဖမ်းဆီးခေါ်ဆောင်သွားပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် ထားရှိခဲ့ရာမှ အဆိုပါနေရာမှာပင် ကံတော်ကုန်ခဲ့ရသကဲ့သို့ အိန္ဒိယနိုင်ငံ၏ နောက်ဆုံး မဂိုဘုရင် ဇဖာရှားကို မြန်မာနိုင်ငံကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြီး ရန်ကုန်မြို့မှာပင် ကွယ်လွန်သွားခဲ့သည်များ စသည့်နိုင်ငံရေး

ချစ်ကြည်ရင်းနှီးမှု၊ ကောင်းမွန်သည့်ဆက်ဆံပေါင်းသင်းမှုများ အစဉ်အဆက်ရှိခဲ့ကြသည်ကို ပြန်ကြည့်မည်ဆိုပါက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံကလေးစားပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာဆက်ဆံခဲ့ကြသောကြောင့်ပင်ဖြစ် . . .

နောက်ခံသမိုင်းကြောင်းများ၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် မြန်မာဘုန်းတော်ကြီးကျောင်းများတည်ရှိနေမှုနှင့် မြန်မာနိုင်ငံသားထဲမှ ဗုဒ္ဓဘာသာဝင်များ ဘာသာရေးခရီးအဖြစ် စဉ်ဆက်မပြတ်သွားရောက်ဖူးမြော်ကြည်ညိုနေကြသည်များ၊ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံများ ဖြစ်နေခြင်းများအပါအဝင်ဖြစ်ပါကြောင်း။

ထိုသို့ နှစ်နိုင်ငံအကြား နှစ်ပေါင်းထောင်ချီသည့်ကာလကတည်းက ကိုးကွယ်ယုံကြည်မှုဘာသာတရားအရလည်းကောင်း၊ အတန်အသင့်တူညီမှုရှိသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရလည်းကောင်း၊ စာပေအပါအဝင် အနုသုခုမပညာရပ်များအရလည်းကောင်း၊ ဗိသုကာဆိုင်ရာအဆောက်အအုံ ပညာရပ်များအရလည်းကောင်း၊ စားရေရိက္ခာ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအရလည်းကောင်း အပြန်အလှန် ကူးလူးဆက်ဆံမှုများရှိခဲ့ကြသည့် အကျိုးဆက်များမှာ အသုံးအဆောင်ပစ္စည်း၊ အစားအစာနှင့် ဝတ်စားဆင်ယင်မှုများတွင် အသုံးအနှုန်းအခေါ်အဝေါ်များမှာ တူညီမှုများစွာရှိနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အလွယ်တကူ ဥပမာပြရမည်ဆိုပါက အသုံးအဆောင်များဖြစ်သည့် လန်ချား၊ ဘာဂီ၊ ချယ်ဂါရီ၊ ပန်ကာ၊ ပိုက်ဆံ၊ဘူတာတို့ကို မြန်မာစကားအဖြစ်တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြသည်ကို တွေ့ရမည်ဖြစ်သလို မြန်မာများ နှစ်နှစ်ခြိုက်ခြိုက်စားသုံးနေသော အိန္ဒိယအစားအစာများဖြစ်ကြသည့် စမူဆာ၊ ချာပါတီ၊ တိုရှည်၊ ပလာတာ၊ မာဆလာ၊ ပူရီ စသည်များကိုလည်း မြန်မာများ၏နေ့စဉ်သုံးဝေါဟာရများတွင် အကျွမ်းတဝင်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ မိမိတို့ဝတ်ဆင်နေသည့် ပုဆိုးကို လုံချည်ဟု သုံးနှုန်းနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံလုံးသည် ဗြိတိသျှ ကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရပြီး ကိုလိုနီလက်အောက်ခံဘဝက လွတ်မြောက်ရန် ကြိုးပမ်းကြရာတွင်လည်း နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း အပြန်အလှန်ဆက်သွယ်မှုရှိခဲ့ခြင်းများ၊ အတူတကွတိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းကြောင်းများကလည်း နှစ်နိုင်ငံဆက်ဆံရေးတွင် လွန်စွာအရေးပါခဲ့ပါကြောင်း၊ မိမိတို့၏အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီးလည်းဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အိန္ဒိယနိုင်ငံ အမျိုးသားခေါင်းဆောင် ပဏ္ဍစ်ဂျဝါဟာလာနေရူးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်မှုရှိကြသည့် ခေါင်းဆောင်ကြီးများဖြစ်ကြပါကြောင်း၊ မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုရန်အတွက် အင်္ဂလန်သို့မသွားရောက်မီ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံညှိနှိုင်းမှုလုပ်ခဲ့ကြမှုများ၊ မြန်မာ့လွတ်လပ်ရေးအတွက် စိတ်စောနေသည့် ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလန်၏ရာဇသီဥတုဒဏ်ခံနိုင်ရန် နေရူးက ၎င်း၏ကုတ်အင်္ကျီကို ပေးခဲ့ခြင်းများက ၎င်းတို့နှစ်ဦးကြား ခိုင်မြဲသည့်ချစ်ခင်ရင်းနှီးမှုနှင့် သံယောဇဉ်တရားတို့ကို ဖော်ကျူးနေခြင်းပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သမိုင်းနောက်ခံအရရော၊ ပထဝီဝင်အနေအထားအရပါ တူညီသည့် သဘောသဘာဝ များစွာရှိသည့်အပြင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုများနှင့်အတူ ကုန်သွယ်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး

စာမျက်နှာ ၁၉ သို့




မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များ၏ နှစ်နိုင်ငံယဉ်ကျေးမှုအကပဒေသာများ၊ တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ပြည်သူအချင်းချင်းထိတွေ့မှုရှိခြင်းများကလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့နှစ်ထောင်ချီခဲ့သည့် သမိုင်းကြောင်းရှိခဲ့သည့်အပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ၌ တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်း အိန္ဒိယနိုင်ငံက လက်နက်အကူအညီပေးခဲ့မှုများ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံကို ကူမင်တန်များ ကျူးကျော်လာခဲ့စဉ်က အိန္ဒိယဝန်ကြီးချုပ် နေရူးသည် မြန်မာနိုင်ငံဘက်က အပြည့်အဝရပ်တည်ပေးခဲ့မှုများ၊ မြန်မာနိုင်ငံက ကူမင်တန်ကျူးကျော်မှုကို ကုလသမဂ္ဂသို့ ကန့်ကွက်စာတင်ခဲ့စဉ်ကလည်း အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံဘက်မှ အားတက်သရောထောက်ခံပေးခဲ့မှုများက မိမိတို့ မည်သည့်အခါမှ မေ့ပျောက်၍မရနိုင်သည့် ကျေးဇူးတရားများဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီး ပိုမိုချစ်ခင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသကဲ့သို့ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များနှင့်လည်း နှစ်နိုင်ငံကြားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၅၁ ခုနှစ် ဇူလိုင် ၇ ရက်တွင် "ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးစာချုပ်"(Treaty of Peace and Friendship)ကို ချုပ်ဆိုခဲ့ကြ**ပါကြောင်း၊**အဆိုပါစာချုပ်အရ "နှစ်နိုင်ငံကြား ထာဝရတည်မြဲသော ငြိမ်းချမ်းရေးနှင့် မပြောင်းလဲသော ချစ်ကြည်ရေး"ကို တည်ဆောက်နိုင်ခဲ့**ကြပါကြောင်း၊ ၁၉၅၄ ခုနှစ် ဧပြီလတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပခဲ့သည့် ကိုလံဘိုညီလာခံတွင် မြန်မာဝန်ကြီးချုပ် ဦးနုနှင့် အိန္ဒိယဝန်ကြီးချုပ် နေရူးတို့သည် သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ပဋိပက္ခဖြစ်ပွားမှုကို မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနု၏ ကြိုးပမ်းမှုနှင့် ပြဿနာကိုဖြေရှင်းနိုင်ခဲ့ပါကြောင်း။

၁၉၅၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့၌ ကျင်းပခဲ့သည့် ဘန်ဒေါင်းညီလာခံတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက် (Five Principles of Peaceful Coexistence)" ချမှတ်ရာတွင် အတူတကွ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

**မြန်မာနိုင်ငံတွင် ၁၉၅၄ ခုနှစ် စီးပွားရေးအကျပ်အတည်းများနှင့်ရင်ဆိုင်ခဲ့ရစဉ်အချိန်၌ အိန္ဒိယနိုင်ငံက မိတ်ဆွေကောင်းပီသစွာဖြင့် ဆန်တန်ချိန် ကိုးသိန်း ရောင်းချပေးခဲ့သည်ကိုလည်း မိမိတို့မြန်မာများ ရင်ထဲတွင် အမြဲအမှတ်တရရှိနေသည်ကို ပြောကြားလို**ပါကြောင်း။

၁၉၇၀ ပြည့်နှစ်တွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်မှုသည် တဖြည်းဖြည်းတိုးတက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး အခုအခါ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ပဉ္စမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံ၊ ပို့ကုန်တင်ပို့မှုတွင် စတုတ္ထမြောက်နှင့် သွင်းကုန်တင်သွင်းမှုမှာ ဆဋ္ဌမမြောက် အများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ပဲနှင့် အခြားထွက်ကုန်များကို အိန္ဒိယကိုတင်ပို့နေခြင်းဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံကို ဆေးဝါးနှင့် စက်မှုပစ္စည်းများ တင်သွင်းမှုအပြင် နည်းပညာအထောက်အပံ့များလည်း ပေးအပ်လျက်ရှိပါကြောင်း။

**လူမှုရေးအကူအညီများအဖြစ် ၂၀၁၆ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသည့် ပုဂံဘုရားများကို ပြုပြင်ရာတွင် အိန္ဒိယအစိုးရက လှူဒါန်းမှုများ ပြုလုပ်ခဲ့သကဲ့သို့ လက်ရှိကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covishield ၁၃ ဒသမ ၄ သန်းကိုရောင်းချပေးသည့်အပြင် Sasakawa ဖောင်ဒေးရှင်းက Covaxin နှစ်သန်းနှင့် အိန္ဒိယအစိုးရက Covaxin တစ်သန်းတို့ကို မိတ်ဆွေကောင်းပီသစွာ ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို မှတ်တမ်းတင်ပြောကြားလို**ပါကြောင်း။

ထို့ပြင် နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမစီမံကိန်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် ကုလားတန်မြစ်ကြောင်းတစ်လျှောက် စစ်တွေဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ မီဇိုရမ်ပြည်နယ်အထိ ဆက်သွယ်ပေးမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်မှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာနိုင်သည့်အပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စီမံကိန်းတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ ကုလားတန်စီမံကိန်းတွင် ပါဝင်သည့် စစ်တွေဆိပ်ကမ်းကိုအခြေပြုပြီး စစ်တွေ အထူးစီးပွားရေးဇုန်တစ်ခုလည်း ပေါ်ပေါက်လာမည့် အလားအလာကောင်းများရှိနေပြီဖြစ်ပါကြောင်း။

အလားတူ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စွမ်းအင်၊ အစားအစာနှင့် အဝတ်အထည်ချုပ်လုပ်ငန်းများ၊ နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့် ကျွမ်းကျင်မှုသင်တန်း၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည့်ဖြိုးမြစွမ်းအင်ကဏ္ဍ၊ ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းတို့ အပေါ်တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ စိတ်ဝင်စားမှု ထပ်တူညီသည့်အတွက် နှစ်နိုင်ငံပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေးကာလ ၇၅ နှစ်တာအတွင်း အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်ကြီးများဖြစ်သည့် ဝန်ကြီးချုပ် နေရူးလက်ထက်မှအစပြုပြီး အင်ဒီယာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ မန်မိုဟန်ဆင်း၊ နာရန်ဒရာမိုဒီ စသည့်ခေါင်းဆောင်များနှင့် မိမိတို့မြန်မာနိုင်ငံ နိုင်ငံရေးဘက်မှ ခေါင်းဆောင်များ၊ တပ်မတော်ဘက်မှ မိမိအပါအဝင် ခေါင်းဆောင်များသည် အစဉ်အလာမပျက် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံပူးပေါင်း လက်တွဲဆောင်ရွက်နိုင်ခဲ့မှုများ၊ ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မှုများမှ နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းမှုများစွာ ရရှိစေခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ **လက်ရှိအိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ (Narendra Modi)လက်ထက်တွင် မြန်မာနှင့် အိန္ဒိယ၏ဆက်ဆံရေးသည် သမိုင်းတစ်လျှောက် အရေးပါဆုံးအနေအထားတစ်ရပ်ကို ရောက်ရှိလာခဲ့ပြီဖြစ်**ပါကြောင်း။

ချစ်ကြည်ရင်းနှီးမှု၊ ကောင်းမွန်သည့် ဆက်ဆံပေါင်းသင်းမှုများ အစဉ်အဆက်ရှိခဲ့ကြသည်ကို ပြန်ကြည့်မည်ဆိုပါက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာ ဆက်ဆံခဲ့ကြသောကြောင့်ပင်ဖြစ်ပါကြောင်း။

လက်ရှိ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေစဉ်မှာလည်း ခေတ်အဆက်ဆက်က အစဉ်တစိုက်ကျင့်သုံးခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆောင်ရွက်နိုင်မှုများကြောင့် နှစ်နိုင်ငံအကြား ဘက်စုံ၊ ကဏ္ဍစုံအလိုက်



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ်ချစ်ကြည်ရေးအမှာစကားပြောကြားစဉ်။

ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင်၊ ပိုမိုခိုင်မာသည်ထက်ခိုင်မာအောင် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှ သုံးခုလုံး၏ ဆုံရာအရပ်တွင် တည်ရှိနေသည့်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်ကတည်းက အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ကြွေးကြော်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ "အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ" အရ အရှေ့တောင်အာရှဒေသနှင့် ကူးလူးဆက်သွယ်မှု မြှင့်တင်လိုသည့် အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံကို အရှေ့တောင်အာရှဒေသနှင့် ချိတ်ဆက်ပေးထားသည့် ကုန်းမြေတံတားလည်းဖြစ်သည့်အတွက် အဆိုပါ ပထဝီနိုင်ငံရေးအားသာချက်ကို အပြည့်အဝအသုံးချနိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံလုံး၏ ပြည်သူများအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့တွင် အိန္ဒိယစင်တာကို ဖွင့်လှစ်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံကြား ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးပြယုဒ်အဖြစ်သာမကဘဲ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့ဆက်ဆံမှုနှင့် နှစ်နိုင်ငံကြား အပြန်အလှန်နားလည်မှုများကို ပိုမိုမြှင့်တင်ခိုင်မာလာစေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မိပါကြောင်း။

ထို့ပြင် အိန္ဒိယ၏"အိမ်နီးချင်းဦးစားပေးမူဝါဒ"တို့ကိုအခြေခံပြီး လုပ်ဆောင်မှုများကြောင့် မိမိတို့နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကလည်း နှစ်ဖက်နိုင်ငံများအတွက် ထိရောက်သည့်၊ ကောင်းမွန်သည့်၊ အကျိုးဖြစ်ထွန်းစေသည့် ရလဒ်များရရှိစေခဲ့သည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားလိုပါကြောင်း။

**မြန်မာပြည်သူလူထု မျှော်မှန်းသည့် မြန်မာတိုင်းရင်းသားများ လိုလားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကြီးကို ထူထောင်နိုင်ရေးတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ကူညီပေးခဲ့သည်များကိုလည်း ယခုလိုအခွင့်အခါ ကြုံကြိုက်စဉ်မှာ မှတ်မှတ်ထင်ထင်ကျေးဇူးတင်စကားပြောကြားလို**ပါကြောင်း၊ **အထင်ရှားဆုံးသာဓကမှာ ၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံကို ပညာတော်သင်စုစုပေါင်း ၆၆၀၀ ကျော် စေလွှတ်နိုင်ခဲ့မှုသည် ထင်ရှားသည့်သက်သေ၊ ခိုင်မာသည့်မှတ်တမ်းတစ်ခုပင်ဖြစ်**ပါကြောင်း။

ယခုဆိုပါက ပညာတော်သင်စေလွှတ်ခဲ့သည့် ဒေါက်တာဘွဲ့ရပုဂ္ဂိုလ်များ၊ မဟာဘွဲ့ရပုဂ္ဂိုလ်များသည် ဘာသာရေးကဏ္ဍက ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများပါဝင်နေသကဲ့သို့ နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အရေးကြီးသည့် တာဝန်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး စသည့်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများတွင် ဌာနဆိုင်ရာအကြီးအကဲများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ၊ ကူးလူးဆက်ဆံမှုများ၊ အပြန်အလှန် ပံ့ပိုးကူညီမှုများသည် နှစ်ကာလကြာရှည်သည်နှင့်အမျှ ပြော၍မကုန်နိုင်အောင်ရှိနေပါကြောင်း၊ ယနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်မည်ဆိုပါက နှစ်နိုင်ငံကြားရှိခဲ့သည့် သမိုင်းကြောင်းများ၊ နက်ရှိုင်းသည့် **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

ခင်မင်မှုများ၊ အခက်အခဲနှင့်အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်များတွင် မိတ်ဆွေကောင်းစိတ်ဓာတ်နှင့်အတူ တကွဖြတ်ကျော်နိုင်ခဲ့မှုများ၊ ဒီနေ့ဒီချိန်ထိတိုင်အောင်လည်း ခင်မင်ရင်းစွဲ၊ ချစ်ကြည်ရင်းစွဲတို့ကို မပျောက်ပျက်အောင် ခေတ်အဆက်ဆက်သော နှစ်နိုင်ငံခေါင်းဆောင်များက အမြော်အမြင်ကြီးကြီးဖြင့် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ထားနိုင်မှုများကိုအထင်အရှားတွေ့ရမည်ဖြစ်ပါကြောင်း။

**ယနေ့ကမ္ဘာကြီးကို ကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံအချို့သည် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံငယ်များ၏ ပြည်တွင်းရေးများကို ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအရာအဖုံဖုံနှင့်နည်းလမ်းမျိုးစုံသုံးပြီး ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုအခြေခံကာ ဝင်ရောက်စွက်ဖက်နေကြသည်ကို တွေ့ရမည်ဖြစ်**ပါကြောင်း၊ **မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါအရာရောက်မှုများကြောင့် ၎င်းတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေး၊၎င်းတို့၏ ရုပ်သေး၊ ၎င်းတို့၏ဩဇာခံဖြစ်စေရေး၊ ၎င်းတို့အလိုကျပုံဖော်နိုင်ရေးဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများ စဉ်ဆက်မပြတ်လုပ်ဆောင်နေမှုများကြားမှ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဟုခံယူပြီး အခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနေရသည့်အချိန်တွင် မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းများ၏ စစ်မှန်သည့်စိတ်သဘောထားများနှင့် ကူညီအားပေးမှုများသည် မိမိတို့ပြည်သူများ၏ တစ်နည်းအားဖြင့် မိမိတို့မြန်မာနိုင်ငံသားများအပေါ်ကြီးမားသည့်ခွန်အားဖြစ်စေခဲ့သောကြောင့်လည်း အိန္ဒိယနိုင်ငံအပါအဝင် မိမိတို့နိုင်ငံကို အပြုသဘောဆောင် အားပေးထောက်ပံ့ကူညီရပ်တည်ပေးနေသည့် နိုင်ငံတကာကမိတ်ဆွေများကို မြန်မာနိုင်ငံသားများကိုယ်စား အထူးပင် အသိအမှတ်ပြုကျေးဇူးတင်ကြောင်းကို အမှတ်တရဖော်ပြလို**ပါကြောင်း။

မျက်မှောက်ကမ္ဘာကြီးတွင် အတူတကွတည်ရှိနေကြသည့် နိုင်ငံအားလုံး အရေးအကြီးဆုံးလိုအပ်ချက်သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း၊ ၎င်းလိုအပ်ချက်များပြည့်စုံရန်ဆိုပါက နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု မိမိတို့အနေဖြင့် အပြည့်အဝခံယူထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် မည်သို့သောစိန်ခေါ်မှုများ ရင်ဆိုင်ရသည်ပင်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို မထိခိုက်စေမည့်၊ နိုင်ငံတကာနှင့် ပေါင်းသင်းဆက်ဆံမှုကို မပျက်ယွင်းစေမည့် ကျင့်ဝတ်စည်းကမ်းများကို အလေးထားသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို အတိအလင်းပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း မိမိတို့တာဝန်ယူစဉ်ကာလအတွင်း ဦးဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်တို့ချမှတ်ပြီး "ရှေ့သို့လှမ်းချီပန်းတိုင်ဆီ"ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဦးလည်မသုန် တစိုက်မတ်မတ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊အိန္ဒိယနိုင်ငံအနေဖြင့်လည်း မိတ်ဆွေကောင်း၊အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

၇၅ နှစ်ဟူသည်မှာ အတိုင်းအတာတစ်ခုအထိ ရှည်လျားသည့်ကာလတစ်ခုဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း ချစ်ကြည်ရင်းနှီးမှုကိုအခြေခံသည့်၊ အပြန်အလှန်လေးစားမှုကို တန်ဖိုးထားသည့်၊ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက အသိအမှတ်ပြုသည့် ပေါင်းသင်းဆက်ဆံမှုကို ထိန်းသိမ်းနိုင်ခြင်းသည် အမှန်တကယ်ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝမှုရှိသည့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံရေး စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခွင့်ရသည့်အတွက်လည်း မိမိစိတ်ထဲတွင် ကြည်နူးချမ်းမြေ့မှု၊ ကျေနပ်နှစ်သက်မှုများစွာ ဖြစ်ရပါကြောင်း၊ ထို့အတွက်လည်း ယခုအခမ်းအနားကိုဖြစ်မြောက်အောင် စိတ်ကောင်းစေတနာအပြည့်နှင့် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအသီးသီးတို့ကို နိုင်ငံတော်အစိုးရကိုယ်စား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား စိန်ရတုသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်မှုသည် ရွှေယခင်အစဉ်အလာများနှင့်အညီ ပိုမိုတိုးတက်ခိုင်မြဲသည့်ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တည်ဆောက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား အစိုးရအဖွဲ့အစည်းများသာမက ပြည်သူများအချင်းချင်းပါ ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုများ တိုးတက်ပေါ်ပေါက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုမှသည် နိုင်ငံများ၏ အကျိုး၊ ပြည်သူများ၏အကျိုး၊ ဒေသအကျိုးစီးပွားများ တိုးတက်မြှင့်တင်နိုင်ခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံများ၏ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေကြောင်းနှင့် မြန်မာ-အိန္ဒိယ နှစ်ပြည်ထောင်လုံး အေးချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကို ဆန္ဒပြုဆုတောင်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ် ချစ်ကြည်ရေးအမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များ၏ နှစ်နိုင်ငံယဉ်ကျေးမှုအကပဒေသာများ၊ တေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။ ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

> **အိန္ဒိယနိုင်ငံ၏ "အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ" အရ အရှေ့တောင်အာရှဒေသနှင့် ကူးလူးဆက်သွယ်မှုမြှင့်တင်လိုသည့် အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအရ အရေးပါသည့်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံကို အရှေ့တောင်အာရှဒေသနှင့်ချိတ်ဆက်ပေးထားသည့် ကုန်းမြေတံတားလည်းဖြစ်သည့်အတွက် အဆိုပါပထဝီနိုင်ငံရေးအားသာချက်ကို အပြည့်အဝအသုံးချနိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံလုံး၏ ပြည်သူများအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်...**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၀ | ၁၉၆၀ | ၁၉၅၅ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၀ | ၁၉၆၅ | ၁၉၄၅ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၂၀၀၀ | ၂၂၃၀ | ၂၈၁၀ |
| 95 Ron | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၆၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၀ | ၁၉၁၀ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၀၀ | ၁၉၁၅ | ၁၉၅၀ | ၁၉၅၀ | ၁၉၅၀ | ၂၁၈၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၄၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၉၅ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၀ | ၂၂၆၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၀ | ၁၈၇၉ |
| 95 Ron | ၁၈၉၆ | ၁၉၆၇ |
| HSD (500 ppm) | ၁၇၆၆ | ၁၈၃၁ |
| HSD (50 ppm) | ၁၈၄၀ | ၁၉၀၆ |
| HSD (10 ppm) | ၁၈၄၀ | ၁၉၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇ - ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်(အရေးပေါ်)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် (အရေးပေါ်) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

**နေပြည်တော် မေ ၁၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်(အရေးပေါ်)အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ရောက်ရှိရာ ဌာနမှူး ဒေါ်သီရိမောင်က အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏ လက်ရှိဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်အစည်းအဝေးကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် အစည်းအဝေးသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏အရေးပေါ်အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံအဆင့် အရေးကြီးသည့် အစည်းအဝေးတစ်ရပ်လည်းဖြစ်ကြောင်း၊ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)သည် ယနေ့နံနက် ၁၁ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းထွာချက်များအရ စစ်တွေမြို့၏ အနောက်နှင့်အနောက်တောင်ဘက်မိုင် ၈၀ အကွာတွင် ရောက်ရှိနေပြီး မောင်တောဒေသနှင့် ၈၅ မိုင်အကွာတွင် ရောက်ရှိနေကြောင်း၊ လေတိုက်နှုန်းသည် ၁ နာရီလျှင် မိုင် ၁၃၀ မှ ၁၃၇ မိုင်ထိ ရှိနေကြောင်း၊ ဒီရေသည် အနည်းဆုံးပေ ၂၀ ခန့်အထိ ရောက်ရှိနိုင်သည်ကို နောက်ဆုံးအခြေအနေအဖြစ် သိရကြောင်း။

မုန်တိုင်းစက်ဝန်းအရ ပထမဆုံးထိခိုက်နိုင်သည့် ကျောက်ဖြူ၊သံတွဲနှင့်မာန်အောင်မြို့တို့၏အခြေအနေများကို ကြည့်မည်ဆိုလျှင် လေငြိမ်သွားသည့်သဘောကိုတွေ့ရပြီး အပျက်အစီးအနည်းငယ် ဖြစ်ပွားခဲ့သည်ကို ယခုနောက်ဆုံးအခြေအနေအဖြစ် သိရကြောင်း၊ မိုးလေဝသပညာရှင်များက မုန်တိုင်းဗဟိုချက်သည် စစ်တွေနှင့်မောင်တောပတ်ဝန်းကျင်သို့ ညနေ ၃ နာရီတွင် ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားကြောင်း။

**အလွန့်အလွန် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)မစတင်မီ မေ ၆ ရက်ကတည်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ခေါ်ယူ၍ ရေးဆွဲပြီး သဘာဝဘေးအန္တရာယ်စီမံချက်များ၊ တည်မြဲအမိန့်များအပေါ်မူတည်၍ မုန်တိုင်းဝင်ရောက်နိုင်သည့်ခန့်မှန်းနေရာများအလိုက်၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊စေတ်တိုက်လေ့ကျင့်ခြင်း စသည့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးရှိသည်များကို ကိုးရက်စန့်ကြိုတင်ပြင်ဆင်နိုင်ခဲ့**ကြောင်း၊ မုန်တိုင်းအလွန်ကာလလိုအပ်သည့် အကူအညီများနှင့် မမျှော်မှန်းနိုင်သည့်ကိစ္စရပ်များအတွက် ဌာနအလိုက်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလမ်းကြောင်းတစ်လျှောက်နှင့် မုန်တိုင်းအဝိုင်းအဝန်းတစ်လျှောက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအလိုက် လျာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကော်မတီဝင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မုန်တိုင်းအလွန်ကာလ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပွင့်လင်းစွာရှင်းလင်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်တင်ရီက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏လက်ရှိဖြစ်ပေါ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် ဒေါက်တာသက်သက်ခိုင်တို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်စုဖွဲ့ထားရှိမှုများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများကို သဘာဝဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှုများ၊ သဘာဝဘေးကျရောက်သည့်ဒေသများနှင့် ဆက်သွယ်မှုပြတ်တောက်ခြင်းမရှိစေရေး စီမံဆောင်ရွက်ထားရှိမှုများ၊ မိုးလေဝသသတင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေမှု၊ သဘာဝဘေးကျရောက်သည့် ဒေသများသို့ ထောက်ပံ့နိုင်ရန် အရန်ဆန်ကြိုတင်ဝယ်ယူစုဆောင်းထားရှိမှုများနှင့် ဖြန့်ခွဲထားရှိမှုများ၊ ဆေးဝါး၊ အခြေခံစားသောက်ကုန်နှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်လျက်ရှိသည့် ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားမှုများကို ထောက်ပံ့ရေးပစ္စည်းများ အကူအညီပေးရန် ကမ်းလှမ်းမှုအခြေအနေများ၊မုန်တိုင်းအလွန်ကာလစိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်မည့်အစီအမံများ၊ မုန်တိုင်းနှင့်အတူ ပါရှိလာမည့် မိုးရွာသွန်းမှုများကြောင့် ရေကြီး၊ ရေလျှံမှုများဖြစ်နိုင်ခြေ၊တောင်ကျချောင်းရေလျှံနိုင်မှုအခြေအနေ၊မြေပြိုနိုင်မှုအခြေအနေများနှင့်ဆည်မြောင်းတာမံများအတွင်း ရေဝင်ရောက်မှုများကြောင့် ရေကျော်နိုင်မှုအခြေအနေများ၊ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့နိုင်ရေးစီမံဆောင်ရွက်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဌာနမှူး ဒေါ်သီရိမောင်က အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)၏ လက်ရှိဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်လျက်ရှိသည့်ဒေသများ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံအချို့နှင့်အာဆီယံလူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန(The AHA Centre)မှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးနှင့် မှုများ၊သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရေးနှင့် မုန်တိုင်းလွန်ကာလလျှပ်စစ်မီးအားပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်မည့်အစီအမံများ၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများ၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့် အစီအမံများ၊ မုန်တိုင်းလွန်ကာလပြန်လည်တည်ဆောက်ရေးနှင့် ပြည်လည်ထူထောင်ရေး၊ သယ်ယူပို့ဆောင်ရေးယာဉ်များ စုဖွဲ့ခြင်းနှင့်

**စာမျက်နှာ ၂၂ သို့**

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၃ -၂၀၂၄ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

❖ **မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။**

❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။**

❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။

❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။

❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။

❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

❖ **ကျောင်းသား၊ ကျောင်းသူများ နာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။**

❖ **ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။**

❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။

❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃)

နေပြည်တော်

၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့ မှ ၂၀ ရက်နေ့ ထိ

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၄ - ၅ - ၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၁၀၇ | ၈၂ | ၉၅ | ၂၈၄ |
| ၂ | ထိုင်း | ၉၁ | ၆၇ | ၈၈ | ၂၄၆ |
| ၃ | အင်ဒိုနီးရှား | ၇၀ | ၆၁ | ၈၀ | ၂၁၁ |
| ၄ | ကမ္ဘောဒီးယား | ၆၅ | ၆၁ | ၁၀၃ | ၂၂၉ |
| ၅ | ဖိလစ်ပိုင် | ၄၆ | ၇၂ | ၈၆ | ၂၀၄ |
| ၆ | စင်ကာပူ | ၄၂ | ၃၆ | ၅၅ | ၁၃၃ |
| ၇ | မလေးရှား | ၂၉ | ၄၁ | ၇၉ | ၁၄၉ |
| ၈ | မြန်မာ | ၂၀ | ၁၉ | ၅၈ | ၉၇ |
| ၉ | လာအို | ၆ | ၂၀ | ၅၁ | ၇၇ |
| ၁၀ | ဘရူနိုင်း | ၂ | ၁ | ၆ | ၉ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၈ | ၈ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၃၆၈၂၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၃၆၅၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၂၀၁၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၂၀၀၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၁၅ ကျပ် | ၁၉၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၉၅ ကျပ် | ၂၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅ ကျပ် | ၂၀၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၉၀ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၁ . ၇၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၈ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၈ . ၈၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၂ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၆၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၁၄-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဧမိန် | ပဲဆီ | ရွှေတံခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၆၀၀ | ၃၅၀၀ | ၂၀၀၀ | ၁၂၅၀၀ | ၉၀၀၀ | ၁၈၀၀-၂၀၀၀ | ၆၀၀၀-၆၃၀၀ | ၂၂၀၀ | ၈၆၅၀ | ၁၇၀၀၀-၁၇၅၀၀ | ၉၈၀၀ | ၁၆၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၅၀၀၀ | ၂၈၀၀ | ၂၄၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၅၀၀-၂၅၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၅၀၀၀-၃၂၀၀၀ | ၂၀၀-၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၂၀၀၀-၂၄၀၀ | ၆၀၀၀-၇၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၇၀ | ၃၂၀ |
| ၄ | လားရှိုး | ၄၉၅၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀-၁၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၅၀၀ | ၆၀၀၀-၇၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | မော်လမြိုင် | ၄၃၀၀ | ၂၅၀၀ | ၂၃၀၀ | ၁၅၅၀၀-၁၆၀၀၀ | ၁၄၀၀၀ | ၂၁၀၀-၂၃၀၀ | ၇၀၀၀-၇၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀ | ၄၀၀ |
| ၆ | မုံရွာ | ၄၀၀၀ | ၂၃၀၀ | ၁၇၀၀ | ၁၂၅၀၀-၁၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၂၀၀၀ | ၅၆၀၀-၆၅၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၆၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | တောင်ငူ | ၄၆၀၀ | ၂၇၀၀ | ၂၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၂၀၀၀-၂၃၅၀၀ | ၂၄၀၀ | ၄၅၀၀-၄၆၀၀ | ၂၂၀၀ | ၉၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၅၀ | ၃၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး၊ ပျက်စီးမှုများကို ရှင်းလင်းခြင်းနှင့် ထောက်ပံ့မှုများပြုလုပ်



နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ကျော်စိုးလွင်၊ ခစဖ(ဖျာပုံ)ဥက္ကဋ္ဌ ဦးတင်လင်း၊ ခစဖ(ဖျာပုံ) အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးနိုင်လင်းနှင့်အဖွဲ့သည် မေ ၁၄ ရက် နံနက်ပိုင်းက ဘိုကလေးမြို့ အမှတ်(၈)ရပ်ကွက် (၃)လမ်းရှိ ဇမ္ဗူဒီပ ရတနာကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအရှင်တေဇအား လှူဖွယ်ဝတ္ထုနှင့် သင်္ကန်းခြင်းအားဆက်ကပ်လှူဒါန်းကာ ၎င်းကျောင်းတိုက်ရှိ မုန်တိုင်းဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ ဆန်လေးအိတ်၊ ခေါက်ဆွဲခြောက်နှစ်ဖာ၊ ကြက်ဥ ၅၀၀ လုံးနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

(၅၀၀)



ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးပဲ့သွားသော ဓာတ်တိုင်များရှင်းလင်းခြင်းလုပ်ငန်းအား တပ်မတော်လုံခြုံရေးတပ်ဖွဲ့မှ ဗိုလ်မှူးဇော်မျိုးမြင့်ဦးစီး၍ မေ ၁၄ ရက်က ရှင်းလင်းဆောင်ရွက်ခဲ့သည်။

(၅၀၀)

သန်လျင်ခရိုင် ကိုကိုးကျွန်းမြို့နယ် အတွင်း မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးကျခဲ့သော သစ်ကိုင်းများ၊ အုန်းလက်များသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅ ဦးဖြင့် ဆောင်ရွက်ခဲ့သည်။

(၅၀၀)





မော်လမြိုင်ကျွန်းမြို့နယ် ကျားဟုန်းအုပ်စု ကျားဟုန်းကျေးရွာ မမှာရုံနတ်လမ်း၌ မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ (၅၀၀)



မေ ၁၄ ရက်က တွံတေးခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ရပ်ကွက်များအတွင်း လေပြင်းတိုက်ခတ်ခဲ့သဖြင့် သစ်ပင်များလဲခြင်း၊ သစ်ကိုင်းကျိုးခြင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

(၅၀၀)



စစ်တွေမြို့ ဆက်သွယ်ရေးရုံးရှေ့တာဝါတိုင် မေ ၁၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည်။

(၅၀၀)



စစ်တွေစက်ရုံ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၁၀၀ meter မေ ၁၄ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည်။ (၅၀၀)



မေ ၁၃ ရက်က ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နေအိမ်များပျက်စီးပြိုလဲခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

(၅၀၀)



မေ ၁၃ ရက်က ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့၌ လူနေအိမ်သုံးလုံးပြိုကျပျက်စီးခဲ့သဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်တာဝန်ရှိသူတို့က နေအိမ်များပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်း၊ ပစ္စည်းတန်ဖိုးငွေများနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

(၅၀၀)



မေ ၁၄ ရက်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ မြစိမ်းရပ်ကွက်၌ နေအိမ်နှစ်လုံးပြိုကျပျက်စီးခဲ့၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်လိုအပ်သည့်ကူညီမှုများဆောင်ရွက်ခဲ့သည်။ (၅၀၀)

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၄**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ၏အရှိန်ကြောင့် ဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏ အရှိန်ကြောင့် ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများ၌ လူနေအိမ်နှင့် သစ်ပင်များ ပြိုလဲပျက်စီး၍ လမ်းများပိတ်ဆို့ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် သခင်ဘသောင်းရပ်ကွက်ရှိ ဒေါနလမ်းပေါ်သို့ သစ်ပင်သစ်ကိုင်းများလဲကျခြင်း၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် သမဝါယမ ဦးစီးဌာနရုံးရှေ့ရှိ ယူကလစ်ပင်များ လဲကျခြင်း၊ ဓာတ်တိုင်များလဲကျခြင်း၊ မိုးညိုမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်နေ ကျေးရွာများတွင် နေအိမ်များပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများဖြစ်ပွားခြင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် မြေနိမ့်ပိုင်း သီးနှံစိုက်ခင်းများအတွင်း ရေဝင်ရောက်ခြင်း၊ ကားလမ်းမပေါ် ရေကျော်ခြင်း၊ လမ်းများရေတိုက်စား၍ ပျက်စီးခြင်း၊ ဓာတ်တိုင်များနှင့် သစ်ပင်များ လဲကျမှုဖြစ်ပွားခြင်း၊ ပွင့်ဖြူမြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးအနီးတွင် မြို့တွင်းမိန်းလမ်းဘေးရှိ သစ်ပင်များလဲကျခြင်းကြောင့် လမ်းများ ပိတ်ဆို့မှုဖြစ်ပွားခြင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူပညာရေးကောလိပ် သဇင်ဆောင် အမိုးပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် သစ်ပင်နှင့် ဓာတ်တိုင်များပြိုလဲခြင်း၊ ဝါးခယ်မမြို့နယ်တွင် လူနေအိမ်နှင့် သစ်ပင်များပြိုလဲပျက်စီးခြင်း၊ ဘိုကလေးမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ် ကျောင်းကုန်းမြို့နှင့် ကံကြီးထောင့်မြို့တို့တွင် လူနေအိမ်နှင့် သစ်ပင်များ ပြိုလဲပျက်စီး၍ လမ်းများပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့်နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင်စုဖွဲ့ထားရှိသည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



သဲကုန်းမြို့နယ်၌ လူနေအိမ်များ ပျက်စီးမှုများဖြစ်ပေါ်နေမှုကိုတွေ့ရစဉ်။



မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား အောက်စက်တော်ရာ၌ ရေဝင်ရောက်နေမှုကိုတွေ့ရစဉ်။



ပွင့်ဖြူမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။



ကျောက်ဖြူမြို့နယ်မှ ဒေသခံပြည်သူများအား တပ်မတော်မှမော်တော်ယာဉ်များဖြင့် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးစဉ်။



ကျောက်ဖြူမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကိုတွေ့ရစဉ်။



တောင်ကုတ်မြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကို တပ်မတော်သားများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။



ဝါးခယ်မမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။



ဘိုကလေးမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။



ပန်းတနော်မြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းပေးစဉ်။



သံတွဲမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကို တပ်မတော်သားများက ဖယ်ရှားရှင်းလင်းပေးစဉ်။



ဂွမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကိုတွေ့ရစဉ်။




ကိုကိုးကျွန်းမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်နေမှုကိုတွေ့ရစဉ်။

0 w Kv W @

# ကိုယ့်ကြမ္မာကိုယ်ဖန်သည်

ကိုရွှေတောသား(ခင်ဦး)




(၁)

"မင်းတို့တွေ လူငယ်ဆိုပြီး နေချင်သလိုနေ၊ သွားချင်သလိုသွားနေတာကိုတော့ ငါမကြိုက်ဘူး"

"အဖေကလဲဗျာ သားကဘာတွေလုပ်နေလို့လဲ"

ယခုနောက်ပိုင်း သားအဖနှစ်ယောက်က မျက်နှာချင်းဆိုင်လိုက်သည်နှင့်မတည့်။ တကျက်ကျက်ရန်ဖြစ်သည်။ ဖိုးအောင်တစ်ယောက် အရွယ်လေးရောက်လာတော့ အပေါင်းအသင်းထားတတ်လာသလို အရက်လေး၊ ဘီယာလေးကလည်း သောက်တတ်စားတတ်လာသည်။ ဦးလှထင်က ထိုသို့ပြုမူနေခြင်းကိုနည်းနည်းလေးမျှမကြိုက်။ အမြင်မတော်တိုင်း ဆုံးမသည်။ ဖိုးအောင်ကလည်း တစ်ခါတစ်ရံ ဖအေဖြစ်သူကို အရွဲ့တိုက်ပြီးသွားတတ်လာတတ်နေတော့သည်။

"မင်းအကြောင်း မင်းအသိပဲလေ။ ညက မင်းဘယ်အိမ်မှာအိပ်သလဲ။ မင်းဘာတွေလုပ်နေသလဲ ငါအကုန်လုံးသိတယ်ကွ"

"အဖေတို့ကလဲဗျာ သူများသားသမီးတွေလဲ ဒီလိုပဲနေကြတာကို သားကျမှ ပိုပြီးစည်းကမ်းချနေတယ်"

အချေအတင် စကားများနေကြသည့် သားအဖနှစ်ယောက်ကိုကြည့်ပြီး ဒေါ်တင်မေ စိတ်မောလူမောဖြစ်ရသည်။ ဖအေစကားကိုပင် နားမထောင်သည့်သားကို မိထွေးဖြစ်သည့် ဒေါ်တင်မေက မည်သို့ဆုံးမရမည်နည်း။ ဖိုးအောင်က ဒေါ်တင်မေ့စကားဆိုလျှင် ဟိုတုန်းကတည်းကနားမထောင်ခဲ့။ ဒေါ်တင်မေဆိုလျှင် ဖိုးအောင်က အိမ်၌ရှိသည်ဟုပင်မထင်။ ဂရုမစိုက်သလို သူနေချင်သလိုသာနေခဲ့သည်။ ဖိုးအောင်တစ်ယောက် အပေါင်းအသင်းမှားနေကြောင်း ဒေါ်တင်မေရိပ်မိသည်။ ဖိုးအောင်ပေါင်းသင်းနေသည့် ကောင်ကလေးများကို ဒေါ်တင်မေလည်းကြည့်၍မရပေ။ တည်တည်တံ့တံ့လည်းမရှိ၊ ဝတ်ပုံစားပုံကလည်း အမြင်မတင့်ပေ။ စကားပြောရိုင်းစိုင်းကြသလို လူကြီးသူကြီးများကိုလည်း ရှိသေလေးစားရမှန်း သိသူများမဟုတ်ပေ။ သည်အတိုင်းသာဆက်သွားနေလျှင် ဖိုးအောင်၏ဘဝရှေ့ရေးက ရင်လေးစရာဟုတွေးရင်း ဒေါ်တင်မေတစ်ယောက် သက်ပြင်းများသာချနေမိတော့သည်။

(၂)

"ဗျို့ ဦးလှထင်၊ ဦးလှထင်သား ဖိုးအောင် ရပ်ကွက်ရုံးရောက်နေတယ်။ အဲဒါရပ်ကွက်လူကြီးက ဦးလှထင်ကို ခေါ်ခိုင်းလို့ဗျ"

ရပ်ကွက်ရုံး စာရေးကလေးက လာခေါ်သည်။ ဦးလှထင် စားနေလက်စ ထမင်းပန်းကန်ချခဲ့ကာ ထလိုက်သွားတော့သည်။ ဒေါ်တင်မေလည်း ထမင်းစားပွဲကိုအုပ်ဆောင်းအုပ်ပြီး ဦးလှထင်နောက်အပြေးလိုက်ရသည်။ ရပ်ကွက်ရုံးရောက်တော့ သူတစ်ပြန်ငါတစ်ပြန် အငြင်းပွားမှုစကားသံများက ဆူညံနေသည်။

"ကဲ... အားလုံးပဲ စိတ်အေးအေးထားပါ။ အားလုံးအဆင်ပြေအောင် ကျွန်တော်တို့စီစဉ်ပေးမယ်"

ရပ်ကွက်ရုံးထဲတွင် သားဖြစ်သူနှင့်အတူ သူ့သူငယ်ချင်းများကိုပါ တွေ့လိုက်ရသည်။ စားပွဲတန်းလျားတစ်ဖက်မှာတော့ ဦးလှထင်မမြင်ဖူးသည့် လူတချို့ကိုတွေ့ရသည်။ ဦးလှထင်ကိုမြင်တော့ ဖိုးအောင်က မျက်နှာငယ်လေးဖြင့်လှမ်းကြည့်သည်။

"လာလာ ဦးလှထင် ဒီမှာထိုင်ပါဗျ"

ရပ်ကွက်လူကြီးက ဦးလှထင်ကို ခေါ်၍ အနားတွင်ထိုင်ခိုင်းသည်။ ဦးလှထင်ကို အဖြစ်အပျက်များရှင်းပြသည်။ ဖိုးအောင်တို့သူငယ်ချင်းတစ်သိုက်နှင့် တစ်ဖက်ရွာကလူငယ်တချို့ ခိုက်ရန်ဖြစ်ပွားကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင်လောင်းကစားပြုရင်း ရန်ဖြစ်ကြသည်။ လောင်းကစားလုပ်သည့် သက်သေခံပစ္စည်းများလည်း လက်ရသိမ်းဆည်းမိထားသည်။ ရဲကိုအကြောင်းကြားထားပြီးဖြစ်သည်မို့ ထိုလူငယ်များ အဖမ်းမခံရရေး ရပ်ကွက်လူကြီးထံ တောင်းပန်နေကြခြင်းဖြစ်သည်။

"အားလုံးကို ကျွန်တော် တစ်ခုပြောပါရစေ။ ကျွန်တော်လဲ ကိုယ့်ရပ်ကွက်ထဲကလူတွေ အချုပ်ထဲ၊ ထောင်ထဲရောက်မဲ့အရေး မမြင်ချင်ပါဘူး။ တိုင်တန်းထားတဲ့သူက တိုင်တန်းထားပြီးပြီမို့ ခက်နေတာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ အတတ်နိုင်ဆုံးကြိုးစားပေးပါ့မယ်။ ခင်ဗျားတို့ဘက်ကလဲ ကိုယ့်သားသမီးကို အခုလိုထပ်မဖြစ်ရအောင် ဆုံးမကြပေါ့"

"ဟုတ်ကဲ့ပါ လူကြီးမင်းရယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဆုံးမထားပါ့မယ်"

ခံဝန်ကတိလက်မှတ်ထိုးပြီး ရပ်ကွက်ရုံးကနေပြန်ခဲ့ကြသည်။ ဖိုးအောင်လည်း အဖမ်းမခံရသည့်အတွက် စိတ်အေးရတော့သည်။ ကိုယ့်အမှားကိုသိသွားပုံရသည်။ အိမ်ပြန်ရောက်သည်နှင့် ဘာစကားမျှမပြော။ သူ့အခန်းထဲဝင်၍ တစ်ယောက်တည်းငြိမ်နေတော့သည်။ ဦးလှထင်လည်း ဖိုးအောင်ကိုကြည့်ပြီး လိမ္မာသွားပြီဟုမှတ်ထင်ကာ စိတ်အေးနေမိသည်။ ဖိုးအောင်သည်ကား ထိုသို့မဟုတ်ပါချေ။

(၃)

"ကျွန်မလဲ အစတုန်းကတော့ မဟုတ်ဘူးလို့ထင်နေတာ ကိုလှထင်ရေ။ ကျွန်မမျက်စိနဲ့ တပ်အပ်မြင်ရလို့ အခုလိုပြောရတာ။ ဒီစကားတွေကို ကျွန်မမပြောချင်ဘူး။ ကျွန်မတောင်ခံစားရတာ ကိုလှထင်ဆိုဘယ်လောက်ထိ စိတ်ထိခိုက်သွားမလဲ ကျွန်မတွေးမိပါတယ်ရှင်"

ဒေါ်တင်မေ ပြောလာသည့်စကားများကိုပင် ဦးလှထင်နားထဲ မကြားတစ်ချက်ကြားတစ်ချက်။ ကိုယ့်သားလေးတော်လှပြီဟု ထင်ထားသမျှ တက်တက်စင်အောင်လွဲနေတော့သည်။ ဖိုးအောင်တစ်ယောက် မူးယစ်ဆေး၏သားကောင်ဖြစ်နေလေပြီ။ သားဖြစ်သူအကြောင်းတွေးပြီး ဦးလှထင်ရင်ထဲနင့်နေအောင်ခံစားရတော့သည်။ သားဖြစ်သူအတွက် တစ်ခုခုစီစဉ်ရန်ဆုံးဖြတ်ရသည်။ ရှေ့ဆက်ပြီးလုပ်သင့်လုပ်ထိုက်သည်ကိုလုပ်ရန်တွေးရင်း ဦးလှထင်တစ်ယောက် မျက်ရည်များက သူ့အလိုလို ပါးပြင်ထက်သို့စီးကျလာပါတော့သည်။ ဟန်းဖုန်းကလေးကို အကျႌအိတ်ကပ်ထဲက ထုတ်ယူလိုက်သည်။ သူတစ်ခါမျှမဆက်ခဲ့ဖူးသည့် ဖုန်းနံပါတ်တစ်ခုကိုခေါ်ဆိုလိုက်သည်။ ခဏကြာတော့ ဖုန်းပြောခွင့်ရသွားသည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်မေးကြပြောကြသည်။ ဖုန်းပြော၍ ပြီးဆုံးသွားသည့်အခါ ဦးလှထင်တစ်ယောက် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ သူ့ပါးပြင်ထက်မှာတော့ မျက်ရည်များစီးဆင်းလျက်။

(၄)

"ရက်စက်လိုက်တာ အဖေရာ။ အဖေ လုပ်ရက်တယ်ဗျာ"

လက်ထိတ်တန်းလန်းဖြင့် ရဲတပ်သားများ၏ ခေါ်ဆောင်ရာသို့ လိုက်ပါရင်းက ဖိုးအောင်ပြောသည်။ ဦးလှထင်က ဖိုးအောင်ကိုနည်းနည်းလေးမှပင်လှည့်မကြည့်။ ကျောခိုင်းထားသည်။ ရဲတပ်သားတချို့က ဖိုးအောင်အိပ်ခန်းထဲဝင်ရှာကြသည်။ ဦးလှထင် ပြောသည့်အတိုင်း သက်သေခံပစ္စည်းများနှင့်အတူ ဖိုးအောင်ကို ရဲတပ်သားများက လက်ရဖမ်းဆီးလိုက်ကြခြင်းဖြစ်သည်။ ရဲတပ်သားများခေါ်ဆောင်ရာလိုက်ပါရင်း ဖိုးအောင်က ဖခင်ဖြစ်သူကိုပြောလည်းပြော၊ မကျေနပ်ကြည့်လည်း ကြည့်သွားသည်။ ဖိုးအောင်ကို ကျောခိုင်းထားသည့် ဦးလှထင်က မမြင်သော်လည်း ဒေါ်တင်မေက မြင်ဖြစ်အောင်မြင်လိုက်ရသည်။ သားအဖနှစ်ယောက်၏ အဖြစ်အပျက်ကိုကြည့်ရင်း ဒေါ်တင်မေတစ်ယောက်လည်း ကြေကွဲစွာငိုမိသည်။ ခဏကြာတော့ ဖိုးအောင်နှင့်အတူ ရဲတပ်သားများ ထွက်ခွာသွားကြသည်။ ရဲကားများ၏အရေးပေါ်ကားဥသြသံများ မကြားရတော့မှ ဦးလှထင်တစ်ယောက် ကားလမ်းပေါ်သို့ အပြေးကလေးထွက်ကြည့်သည်။ မြင်ကွင်းထဲက တဖြည်းဖြည်းပျောက်ကွယ်သွားသည့် ရဲကားများကိုကြည့်ရင်း ဦးလှထင်ရော ဒေါ်တင်မေပါ ငိုချလိုက်ကြပါတော့သည်။

(၅)

ရက်ကိုလစား၊ လကိုနှစ်စားဖြင့် တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်သွားခဲ့သည်။ ယနေ့ပင် ဖိုးအောင်တစ်ယောက် ထောင်ကပြန်လွတ်မည့်အကြောင်း သိရသည်။ ဒေါ်တင်မေစိတ်ထဲ ဆွေးမြည့်နာကျင်နေမိသည်။ ထောင်ထဲရောက်မှ ဖိုးအောင်တစ်ယောက်ကိုယ့်အမှားကိုယ်သိပြီး လူကောင်းတစ်ယောက်အဖြစ် ပြုပြင်ပြောင်းလဲနိုင်ခဲ့သည့်အကြောင်းကြားရသည်။ ဦးလှထင်သာရှိနေသေးလျှင် ဘယ်လောက်ပင်ဝမ်းသာလိုက်မည်နည်းဟုတွေးပြီး ဒေါ်တင်မေဝမ်းနည်းနေမိသည်။ တိုက်ဆိုင်စွာပင် ဖိုးအောင်ထောင်ကလွတ်မည့်နေ့သည် ဦးလှထင်ကွယ်လွန်ခြင်း တစ်လပြည့်သည့်နေ့ဖြစ်နေသည်။ ဖိုးအောင်ပြန်လာနိုင်ရန်အတွက် ရွာကလူငယ်တချို့ကို အကူအညီတောင်းပြီး သွားကြိုခိုင်းရသည်။ အိမ်၌တော့ ကွယ်လွန်သူဦးလှထင်၏ တစ်လပြည့်ဆွမ်းသွတ်အတွက် ရပ်ကွက်ထဲကလူတချို့ဖြင့် ပြင်ဆင်ချက်ပြုတ်နေကြသည်။ ဖိုးအောင်တစ်ယောက် ထောင်ကလွတ်လာသည့်အခါ ဒေါ်တင်မေကအိမ်ခြံနှင့် လယ်ယာမြေများကို ဖိုးအောင်ထံလွှဲပြောင်းပေးအပ်ပြီး တရားရိပ်သာသို့ အပြီးတိုင်ဝင်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဖိုးအောင်ကို မူးယစ်ဆေးပြတ်သွားအောင်ကုသပေးပြီး ကိုယ့်ကိုယ်ကိုယ် လူကောင်းသူကောင်းတစ်ယောက်အဖြစ် အကျိုးရှိရှိနေတတ်ထိုင်တတ်သွားအောင် ပြုပြင်ပြောင်းလဲနိုင်ရန် ဖခင်တစ်ယောက်အနေဖြင့် သားဖြစ်သူရှေ့ရေးရှေးရှုကာ လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကိုလုပ်ပေးခဲ့သော ဖခင်ဖြစ်သူ၏ စေတနာကို ဖိုးအောင်တစ်ယောက် သိရှိနားလည်နေလောက်ပြီဟု ဒေါ်တင်မေယုံကြည်သည်။ သားဖြစ်သူဘဝရှေ့ရေးအတွက် ရင်အကွဲခံပြီး ဦးလှထင်တစ်ယောက် စီစဉ်ခဲ့ရသည့်အကြောင်းကို သားဖြစ်သူဖိုးအောင်သိပြီး အမြင်မှန်ရနေလောက်ပြီဟု ဒေါ်တင်မေတွေးနေမိသည်။ အစကတည်းက ဖိုးအောင်သာ ဖခင်ဖြစ်သူစကားကို နားထောင်ခဲ့လျှင် ယခုကဲ့သို့ မဖြစ်သင့်သည့်အရာများ ဖြစ်လာလိမ့်မည် မဟုတ်ပါချေ။ ယခုတော့ သူတို့သားအဖ ရင်ကွဲကွဲရသည့်ဘဝမှ ဖအေနှင့်သား ဘဝခြားခဲ့လေပြီဟုတွေးရင်း ဒေါ်တင်မေတစ်ယောက် ဝမ်းနည်းကြေကွဲနေမိပါတော့သည်။

# ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၄၄၆ ဧက စိုက်ပျိုးနိုင်ခဲ့



**ကသာ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၂၄၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် နွေစပါး၂၃၂၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၂၂၄၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ နွေစပါးကို ချောင်းပိတ်၊ မြောင်းပိတ်စနစ်တွေနဲ့ စိုက်ပျိုးကြပါတယ်။ ဒီနှစ် နွေစပါး စိုက်ပျိုးမှုကတော့ စောပါတယ်။ ဒီနှစ် ကသာခရိုင်မှာ နွေစပါးဧက ၂၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာပါ။ လက်ရှိမှာတော့ နွေစပါး ဧက ၂၂၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားချက်ထက် လျော့နည်းခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်အတွင်း ယခုနှစ် နွေစပါး စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၀၈၂ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၇၅၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၆၇ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၃၄၇ ဧက စုစုပေါင်း နွေစပါး ၂၂၄၄၆ ဧက ဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် နွေစပါး ၂၂၅၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကသာခရိုင်အတွင်း နွေစပါး စိုက်ပျိုးသည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာပေးခြင်း စသည့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ကျောင်းရေပူကျေးရွာ၌ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**လှိုင်းဘွဲ့ မေ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောက်ရေပူကျေးရွာအုပ်စု ကျောင်းရေပူကျေးရွာ၌ နွေရာသီ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ၊ မရှိ နှင့် စက်ရေတွင်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျောင်းရေပူကျေးရွာ၌ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့သော ရေအရင်းအမြစ်များ ပုံမှန်လည်ပတ်သုံးစွဲမှု ရှိ၊ မရှိနှင့် လက်ရှိ



သောက်သုံးရေ သုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများကို သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားကြရန် ဆွေးနွေးမှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဌာန၏ခွင့်ပြုရန်ပုံငွေများဖြင့်လည်းကောင်း၊ အလှူရှင်လှူဒါန်းမှုများဖြင့်လည်းကောင်း သောက်သုံးရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ကျောင်းရေပူကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၄၉ အိမ်၊ လူ ၇၇၆ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိလျက်ရှိကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အထွေး**

# သဲကုန်းမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကျေးရွာများ ရွေးချယ်

**သဲကုန်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သဲကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ကျေးရွာများရွေးချယ်ခြင်းကို ယနေ့နံနက်ပိုင်းက သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက စီမံကိန်းကျေးရွာများ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များ၊ စီမံကိန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာများ ရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လင်းလဲကျေးရွာ၊ ကြပ်ကုန်းကျေးရွာ၊ တလိုင်းခုံကျေးရွာ၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ ကျောင်းကြီးကုန်းကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ သစ်စိန်ပင်ကျေးရွာနှင့် သစ်ဆန္ဒင်းကုန်းကျေးရွာ စုစုပေါင်း ကျေးရွာရှစ်ရွာကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သုတ**

## ချစ်ခြင်းမြဲတည် လူ့ဂုဏ်ရည်

\- မနာလို ဝန်တိုကင်း
ချစ်ခြင်းဖွဲ့ မြဲတည်စေ၊
လူ့ရပ်ရွာ လူ့ဘဝ
လှပဖြာဝေ၊
ထူးမြတ်လှ ဘဝတွေ
အလှမြေ ကွန်းတစ်ထောက်၊
လူ့ဝန်းကျင် လူ့နေရပ်
ဂုဏ်ဒြပ်ဖြိုးမောက်။

\- မွေ့ပျော်ဖွယ် ခရီးလျှောက်
စွမ်းသလောက်နှင့် အလှဆင်၊
အတ္တမာန် ငါအစွဲ
ခွာမြဲဖယ်ကြဉ်၊
ထူးမြတ်လှ စိတ်ဖြူစင်
ခံမင်ပါ လူ့တန်ဖိုး၊
လူ့ဂုဏ်ရည် အလှစစ်က
ထွန်းသစ်မည်သြိုး။

\- လူ့အားမာန် ဆထက်တိုး
ကောင်းကျိုးဖွဲ့ ဆုံချိန်မှာ၊
စိတ်ရင်းဖြူ ကြည်ရွှင်လန်း
ဖြတ်သန်းနေရာ၊
ကောင်းမြတ်မှု မင်္ဂလာ
အစဉ်သာ ကိုယ်ကျင့်သုံး၊
လူ့ဂုဏ်ရည် အလှထွန်းမယ်
ရွှန်းပမဆုံး။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# ဟိုပန်မြို့နယ် နောင်ဟော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပန် မေ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဟော့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွင်လွင်မာက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်များ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၂ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဟိုပန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက နောင်ဟော့ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၆ ဦးကို ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၂ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၁၂၄၁၉ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က မိုးမြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၆၁၂၄၁၉ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံအလိုက် စိုက်ပျိုးရန်လျာထားမှုအနေဖြင့် စပါး ၁၄၀၅၁၄ ဧက၊ ပဲမျိုးစုံ ဧက ၂၂၉၇၄၀၊ ဆီထွက်သီးနှံ ၅၂၀၃၀ ဧက၊ ကြံ ၁၀၃၉၆ ဧက၊ ဝါ ၄၉ ဧက၊ စားဖိုဆောင်သီးနှံ ၁၅ ဧက၊ အခြား သီးနှံပေါင်း ၁၄၄၂၁၁ ဧက၊ နှစ်ရှည်ပင် ၃၅၄၆၄ ဧက စုစုပေါင်း ၆၁၂၄၁၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က ကန့်ဘလူမြို့နယ်မှာ မိုးသီးနှံစုံဧက ငါးသိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးသီးနှံစုံဧက ခြောက်သိန်းကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးသီးနှံဧကလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မိုးသီးနှံစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မိုးစပါး ၁၅၂၂၁၄ ဧက၊ ပဲမျိုးစုံ ၂၀၇၃၁၂ ဧက၊ ဆီထွက်သီးနှံ ၅၂၁၇၉ ဧက၊ ကြံ ၃၄၄၁ ဧက၊ ဝါ ၆၅ ဧက၊ စားဖိုဆောင်သီးနှံ ၁၂ ဧက၊ အခြား သီးနှံပေါင်း ၁၀၆၀၄၁ ဧက၊ နှစ်ရှည်ပင်ပေါင်း ဧက ၃၅၉၇၀ စုစုပေါင်း ၅၅၇၂၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

# မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မက်မန်း မေ ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွန်ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မက်မန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်နှင့်ဝန်ထမ်းများက သက်ဆိုင်ရာ မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက မြစိမ်းရောင်ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း အတိုး၊ အရင်းငွေများ ပေးသွင်းကြရန်နှင့် အတိုးရရှိငွေများဖြင့် ဆောင်ရွက်ခွင့်ရှိသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ချပြဆွေးနွေးခဲ့သည်။

မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် တစ်သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၈၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၄ ဦးကို ငွေကျပ် ၃၆ ဒသမ ၉၇ သန်း ထုတ်ချေးထားပြီး မြစိမ်းရောင်ကျေးရွာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သံသာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၃၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# ပုသိမ်မြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိ



**ပုသိမ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်း ရရှိနေခြင်းကြောင့် နွေမြေပဲစိုက်တောင်သူများ အဆင်ပြေကြကြောင်း ပုသိမ်မြို့ရှိ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဧပြီလနှင့် မေလသည် နွေမြေပဲများပေါ်နေဆဲ ကာလဖြစ်ပြီး မတ်လနှင့် ဧပြီလက မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ သာဈေးရှိခဲ့ပြီး မေ ၁ ရက်မှ မေ ၁၃ ရက်ထိ မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ မြေပဲဆန်များ ဈေးကောင်းရရှိနေခြင်းကြောင့် မြေပဲစိုက်တောင်သူများ၊ မြေပဲနုတ်လုပ်သားများ၊ ကုန်သည်များ အဆင်ပြေကြကြောင်း သိရသည်။

“လက်ရှိ ပုသိမ်ပဲဈေးကွက်ထဲကို ပုသိမ်ဒေသထွက် မြေပဲဆန်တွေ အပြင် အခြားဒေသကမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ ဧရာဝတီတိုင်းဒေသကြီးမှာ နွေမြေပဲတွေ ပေါ်နေဆဲဖြစ်ပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုအား ကောင်းလာတာကြောင့် မြေပဲဆန် ဈေးကောင်းလာတာပါ။ အခုနှစ် မြေပဲဆန် ဈေးကောင်းနေတော့ အစိုက တောင်သူတွေအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေကြတာတွေ့ပါတယ်”ဟု ပုသိမ်မြို့ရှိ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချယ်ရီက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် လက်ရှိမြေပဲ ဆုံဆီ အစစ် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသထွက်မြေပဲဆီနှင့် မြေပဲဆန်များကို ပုသိမ်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ထုတ်လုပ်တင်ပို့ ရောင်းချနေကြောင်း သိရသည်။

အဆိုပါ မြေပဲဆီများ၊ မြေဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက်အသေးစားဆီကြိတ် ခွဲသည့် လုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်လာနိုင်ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည် ဖြစ်ကြောင်း ပုသိမ်မြို့ရှိ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**









**မြဝတီမြို့ ဟိုတယ်သုံးပစ္စည်းအရောင်းဆိုင်တွင်**
**တရုတ်စကားပြန်(၁)ဦး အလိုရှိပါသည်။**

- တရုတ်စာရေးတတ်သူ ဖြစ်ရမည်။
- တရုတ်စကားပြောကောင်းမွန်စွာပြောတတ်ရမည်။
- မှတ်ပုံတင်ရှိရမည်။
- နေစရာပေးသည်။ စားစရာပေးသည်။
- အခြေခံလစာ 1,000,000
- ဆက်သွယ်ရန်ဖုန်း 09-886999997

**မန္တလေးမြို့ စွယ်တော်ကားကွင်းတွင်**
**တာဝန်ထမ်းဆောင်ရန်**
**တရုတ်စကားပြန်(၁)ဦး အလိုရှိသည်။**

- အခြေခံလစာ 900,000
- မှတ်ပုံတင်ရှိရမည်။
- ဆက်သွယ်ရန်ဖုန်း 09-886999997

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့၊ ထိန်ပန်းရွာနေ ခင်ချိုချိုဇင် (ဘ) ဦးမိုး (၉/မခန(နိုင်)၂၆၇ ၇၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-208815) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၅၃၅၃၅၀၅

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

**စာပေ**
**မြင့်မှ**
**လူမျိုး**
**တင့်မည်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ် ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာ ရေးကဏ္ဍမြှင့်တင်ရေး။

ရရှိပြီးသော လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရေးအတွက် ပြည်တွင်းပြည်ပအဖျက်အမှောင့်များ၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဖိအားပေးမှုများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် သတိကြီးစွာကာကွယ်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် ဒို့တာဝန်အရေး သုံးပါးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အစဉ်နှလုံးသွင်းလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၄.၁.၂၀၂၄**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vinay Kumar တို့က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မေ ၁၄**

မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ ကြီးမှူးကျင်းပသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ် ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

